မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ(၆၆)၊ အမှတ်(၀၃၅)

သူတော်ကောင်းတရား ကြားနာရခြင်း

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အင်္ဂမနေ့ကျင်းပစဉ်။

KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်နေမှုအပေါ် သတင်းထုတ်ပြန်ချက်

နေပြည်တော်၊ ၂၀၂၆ နိုဝင်ဘာ ၃

မြန်မာ့တပ်မတော်အနေဖြင့် ထိုင်းနိုင်ငံနှင့် ကာလရှည်ကြာသော မိတ်ဆွေဖက် ချစ်ကြည်ရင်းနှီးမှုရှိပြီး တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ ဖြွင့်တင်ဆောင်ရွက်လျက်ရှိသည်နှင့်အညီ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မလိုလားသော KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် နယ်စပ်ဒေသများတွင် နှစ်နိုင်ငံပြည်သူများ ထိခိုက်စေရန် အကြမ်းဖက်တိုက်ခိုက်ခြင်း၊ တရားမဝင်လုပ်ငန်းများ လုပ်ကိုင်ခြင်းတို့အပြင် ပြည်သူများ အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်စေရန် နည်းလမ်းမျိုးစုံဖြင့် အွန်လိုင်းမီဒီယာများတွင် ကောလာဟလသတင်းများ ပျံနှံ့အောင် လုပ်ဆောင်နေကြောင်း တွေ့ရှိရသည်။

စာမျက်နှာ ၄ ကော်လံ ၁

ပလက်ဝ-ဇိုရမ်ပူရ် နှစ်လမ်းသွား လမ်းဖောက်လုပ်ခြင်းစီမံကိန်းအတွက် တင်သွင်းခဲ့သော မော်တော်ယာဉ် (၅) စီးအပေါ်ကျသင့်မည့် အထူးကုန်စည်ခွန်အား ကင်းလွတ်ခွင့်ပြုနိုင်ရေး အတည်ပြု

နေပြည်တော် နိုဝင်ဘာ ၃

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးအင်္ဂမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁

ဆိုင်ကလုန်းမုန်တိုင်း "မူရားစု" ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားမည်

နေပြည်တော် နိုဝင်ဘာ ၃

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ် ကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်ခဲ့သော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မူရားစု" သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"အဖြစ်သို့ အားလျော့သွားခဲ့ပြီးဖြစ်သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

ဝိုး/၈လ



ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီကင်ဆာရောဂါလူနာ ငါးဦးအား ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာ ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၃

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန၊ ခြင်ဆီအစားထိုးဌာန (Bone Marrow Transplant Center) သို့ ၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်းက ဆေးရုံတက်ရောက်ခဲ့သော ခြင်ဆီကင်ဆာလူနာ ငါးဦးအား ခြင်ဆီအစားထိုးကုသခြင်းကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ရာ လူနာများအားလုံးမှာ ကျန်းမာရေး ကောင်းမွန်သဖြင့် အောက်တိုဘာ ၂၆ ရက်တွင် ဆေးရုံဆင်းခွင့်ရရှိပြီး ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၅

ယနေ့ မာတိကာ

ကမ္ဘာသစ်တောများနှင့် မြန်မာ့သစ်တောများအကြောင်း တစေ့တစောင်း ဆောင်းပါး ➢ ၆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးအား တွေ့ဆုံ ပြည်တွင်းသတင်း ➢ ၇

ရန်ကုန်တိုင်းဒေသကြီး၌ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ ပြည်တွင်းသတင်း ➢ ၉



ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် နိဝင်ဘာ ၃

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ "မအောင်မြင်တော့တဲ့ တော်လှန်ရေးကို NUG အောက်က အကြမ်းဖက် PDF တွေ ဘာကြောင့်စွန့်ခွာလာကြသလဲ" ခေါင်းစဉ်ဖြင့် နိဝင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် နိဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် "ပြည်သူ့ပိုင် စည်းစိမ်ဥစ္စာများကို ကိုယ်ကျိုးရှာခေါင်းပုံဖြတ် ဖျက်ဆီးရောင်းချ အမြတ်ကြီးစားနေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF များ" ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သော ကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင် နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုကို လျော့နည်းစေရန်နှင့် ရေကို အကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့်အပင်များကို ရေလောင်းပါ။



မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြိုဆောင်ရွက်ပါ။

၃ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ဂျွန်) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီလျှော ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၅၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ဂျွန်)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄ - ၁၁ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၄၀	၄၆၉၅	၄၆၄၅	၄၇၂၅	၄၇၀၀	၄၇၀၅	၄၇၄၅	၄၆၂၅	၄၉၉၅	၅၀၂၅	၄၆၄၅	၄၈၀၅	၄၇၀၅	၄၆၉၅	၄၇၀၅	၄၉၃၅
95 Ron	၄၇၉၀	၄၇၄၅	၄၆၉၅	၄၆၀၅	၄၇၅၀	၄၇၆၅	၄၈၀၀	၄၆၇၅	၅၀၄၅	၅၀၈၅	၄၆၉၅	၄၈၄၅	၄၇၉၀	၄၇၄၅	၄၇၂၅	၄၉၀၅
HSD (500 ppm)	၄၄၁၅	၄၆၆၅	၄၆၂၀	၄၄၃၀	၄၆၃၀	၄၆၆၀	၄၇၁၅	၄၆၀၀	-	၄၉၀၀	၄၆၂၀	၅၂၁၅	၄၇၀၅	၄၆၆၅	၄၆၇၅	၄၈၉၅
HSD (50 ppm)	၅၄၀၀	၅၆၃၅	၅၅၉၀	၅၄၉၅	၅၆၄၀	၅၆၇၅	၅၆၉၀	၅၅၆၅	၅၉၃၅	၅၉၆၅	၅၅၉၀	၅၇၀၀	၅၆၀၀	၅၆၃၅	၅၆၄၅	၅၈၀၅
HSD (10 ppm)	၅၄၀၀	၅၆၃၅	၅၅၉၀	၅၄၉၅	၅၆၄၀	၅၆၇၅	၅၆၉၀	၅၅၆၅		၅၉၆၅	၅၅၉၀	၅၇၀၀	၅၆၀၀	၅၆၃၅	၅၆၄၅	၅၈၀၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၃၅	၄၄၃၅
95 Ron	၄၃၆၅	၄၄၈၆
HSD (500 ppm)	၄၃၀၈	၄၄၂၄
HSD (50 ppm)	၅၂၂၈	၅၃၆၂
HSD (10 ppm)	၅၂၂၈	၅၃၆၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာဖြင့်၊ နေစာဇော်ထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ဒေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွဲ့ဖွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၅၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၁၊ ဖက်စ် ၀၆၇-၃၆၁၄၄၁၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ ဒုတိယထပ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၁၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၁၊ စီမံ ၀၁-၅၄၄၃၁၅၊ ဒွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၂၁၈၊ Fax ၀၁-၅၄၄၆၂၂၊ ၀၆၇-၃၆၁၄၄၁၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

မြန်မာ-ထိုင်း နှစ်နိုင်ငံကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး အဓွန့်ရှည်ကြာတည်တံ့မည်

KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မြန်မာ- ထိုင်းနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်နေမှုအပေါ် တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ချက်တစ်ရပ်ကို နိဝင်ဘာ ၃ ရက်တွင် ထုတ်ပြန်လိုက်သည်။ မြန်မာ့တပ်မတော်က နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် အထူးအလေးထားဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များမှာ ၎င်းတို့ ဆက်လက်ရပ်တည်နိုင်ရေးအတွက် မြန်မာနှင့် ထိုင်းနှစ်နိုင်ငံကြားတွင် ချစ်ကြည်ရင်းနှီးမှု ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ပြုလုပ်နေကြသည်။

မြန်မာ- ထိုင်းနှစ်နိုင်ငံတို့သည် နိုင်ငံတော်အစိုးရ အချင်းချင်း ဆက်ဆံရေး၊ တပ်မတော်အချင်းချင်း ဆက်ဆံရေး၊ ပြည်သူအချင်းချင်း နှင့် အဖွဲ့အစည်းများအကြား ဆက်ဆံရေးတို့တွင် ကဏ္ဍပေါင်းစုံ၌ ခိုင်မာအားကောင်းလျက်ရှိပြီး မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (Natural Strategic Partnership) အဆင့်ရှိသည့် နိုင်ငံများ ဖြစ်ကြသည်။ နိုင်ငံနှစ်နိုင်ငံကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံကြရာတွင် လတ်တလော အကျိုးအမြတ်တစ်ခုတည်းအပေါ် တွင်မဟုတ်ဘဲ အနာဂတ်နှစ်ပေါင်းများစွာ နှစ်ဦးနှစ်ဖက် ဘုံရည်မှန်းချက်များအတူ ချမှတ်လုပ်ဆောင်ခြင်း၊ ကုန်သွယ်ရေး၊ နည်းပညာနှင့် ယဉ်ကျေးမှုဖလှယ်ရေး၊ နိုင်ငံရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး စသည်ဖြင့် ကဏ္ဍစုံကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နှစ်နိုင်ငံခေါင်းဆောင်များနှင့် ဝန်ကြီးများ၊ အရာရှိကြီးများအကြား ပုံမှန်တွေ့ဆုံဆွေးနွေးပြီး အရေးကြီးသောမူဝါဒများကို ညှိနှိုင်းခြင်း၊ ယုံကြည်မှုနှင့် တန်ဖိုးထားမှုတို့တူညီပြီး ခက်ခဲသည့်အခြေအနေများ ဖြစ်ပေါ်ချိန်တွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ကူညီဖေးမခြင်း စသည့် ဝိသေသလက္ခဏာများ ပါဝင်သည်။ သို့ဖြစ်ရာ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးဆိုသည်မှာ ရေရှည်အကျိုးစီးပွားချင်းတူညီမှုအပေါ်အခြေခံ၍ အပြန်အလှန်ပူးပေါင်းဆောင်ရွက်သည့် အဆင့်အမြင့်ဆုံး ဆက်ဆံရေးဖြစ်သည်။

မြန်မာနှင့်ထိုင်း နှစ်နိုင်ငံတို့သည် ကီလိုမီတာ ၂၄၀၀ ကျော် ရှည်လျားသော နယ်စပ်မျဉ်းတစ်လျှောက် နှစ်နိုင်ငံထိစပ်နေသည့် အားလျော်စွာ တရားမဝင်လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး ထုတ်လုပ် ရောင်းဝယ်မှုနှင့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများကို နှစ်နိုင်ငံ အတူတကွနှိမ်နင်းရန်လိုသည်။ နှစ်နိုင်ငံအကြား အပြန်အလှန် ဆက်စပ်မှီခိုနေကြပြီး ဆက်လက်ရှင်လည်း အကျိုးတူပူးပေါင်း ဆောင်ရွက်သွားရမည့် ကဏ္ဍများစွာရှိနေရာ မြန်မာနိုင်ငံ၏ ပြည်တွင်း နှင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးတို့သည် နှစ်ဖက်အကျိုး စီးပွားအတွက် မဖြစ်မနေလိုအပ်သည်။ KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအဖို့မူ မြန်မာ နှင့် ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုက ၎င်းတို့ ဆက်လက်ရပ်တည်ရန် အခက်အခဲကိုဖြစ်စေသည်။ သို့ဖြစ်ရာ နှစ်နိုင်ငံကြား ချစ်ကြည် ရင်းနှီးမှုပျက်ပြားစေရန်ရည်ရွယ်၍ အဖျက်အမှောင့်နည်းလမ်း၊ မီဒီယာ နည်းလမ်းများဖြင့် ဖျက်လိုဖျက်ဆီး လုပ်ကြသည်။

၎င်းတို့၏ ကောက်ကျစ်စဉ်းလဲသည့် အဖျက်အမှောင့် လုပ်ရပ်များတွင် ထိုင်းနိုင်ငံဘက်ရှိ ကုန်လှောင်ရုံများကို ဖျက်ဆီးမည်ဆိုသည့် သတင်းအပါအဝင် အခြေအမြစ်မရှိသည့် ကောလာဟလသတင်းများကို အွန်လိုင်းမှဖြန့်ဝေမှုနှင့် ပြီးခဲ့သည့် အောက်တိုဘာလ ၂၉ ရက်နေ့က ထိုင်းနိုင်ငံဘကိသို့ ၁၂ ဒသမ ၇ မမ စက်သေနတ်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ထိုင်းပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့မှုလည်း ပါသည်။ အဆိုပါ စက်သေနတ်ကြီးသည် မြန်မာ့တပ်မတော်တွင် အသုံးပြုခြင်း မရှိသော လက်နက်အမျိုးအစားဖြစ်ပြီး အကြမ်းဖက်သောင်းကျန်း သူတို့က ထိုင်းနိုင်ငံနယ်နိမိတ်အတွင်းသို့ ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်ခတ်ခဲ့ခြင်းသာဖြစ်သည်။ အကြမ်းဖက်အဖျက်သမားတို့၏ လုပ်ရပ် များက မြန်မာနှင့်ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး ပျက်ပြားစေရန် ရည်ရွယ်ခြင်းဖြစ်ပြီး မြန်မာ့တပ်မတော်က ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ အရှိန်အဟုန် လျော့ကျသွားစေရန် ဉာဏ်နီဉာဏ်နက် ကျင့်သုံးလိုက်ခြင်းလည်း ဖြစ်သည်။

မြန်မာ့တပ်မတော်သည် မြန်မာ- ထိုင်း တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုအား အလေးထားသည်နှင့်အညီ အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာကို ထိပါးစေမည့် အပြုအမူများကို မည်သည့်အချိန်တွင်မှ လုပ်ဆောင်မည်မဟုတ်ဘဲ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိပြီး နှစ်နိုင်ငံဖွံ့ဖြိုး တိုးတက်မှုနှင့် နှစ်နိုင်ငံပြည်သူများ လုံခြုံအေးချမ်း၍ ဒေသတည်ငြိမ် ရေးကိုသာ အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း သတင်း ထုတ်ပြန်ချက်တွင် ရှင်းလင်းစွာဖော်ပြထားရာ နှစ်နိုင်ငံပြည်သူများ အတွင်း အထင်အမြင်လွဲမှားမှုများ၊ ဖိုးရိမ်ကြောက်ရွံ့မှုများနှင့် အခြေ အမြစ်ကင်းမဲ့သည့် ကောလာဟလများ နေလာနင်းပျောက် ပျောက်ကွယ်သွားမည်သာ ဖြစ်ကြောင်းနှင့် မြန်မာ - ထိုင်း နှစ်နိုင်ငံ ကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ပိုမိုခိုင်မြဲ အဓွန့်ရှည်ကြာစေမည်ဖြစ်သည့်အကြောင်း။ ။

❍ **ရှေ့ဖုံးမှ**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဌေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၅ ဦး တက်ရောက်သဖြင့် ၉၇ ဒသမ ၃၂ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ဦးစွာ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအား စကမှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အမည်ပြောင်းလဲ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ် (၁၁) ဦးစိုးကြည် က စကမှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် နိုင်ငံစီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းသုံးစွဲနေရမှု လျော့နည်းစေပြီး ပြည်တွင်းစီးပွားရေးလည်ပတ်မှုကို အားကောင်းစေမည်ဖြစ်သဖြင့် ဝန်ကြီးဌာနအမည်တွင် MSME ကဏ္ဍကို ပိုမိုထင်ရှားစွာ ထည့်သွင်းသတ်မှတ်ခြင်းကို အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စိုက် က နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် သယံဇာတပေါကြွယ်ဝရုံဖြင့် မပြည့်စုံနိုင်ဘဲ အရင်းအမြစ်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်သည့် စက်မှုနှင့် နည်းပညာစွမ်းအားအပေါ် မူတည်နေကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်ကြမ်းများကို ကုန်ချော အဖြစ် ထုတ်လုပ်နိုင်ရေး၊ စက်မှုလက်မှုလုပ်ငန်းများ တိုးချဲ့ရေးနှင့် ထုတ်လုပ်မှုစွမ်းအား မြှင့်တင်ရေး တို့သည် နိုင်ငံတော်စီးပွားရေးကို ခိုင်မာစေသည့် အရေးပါသော လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာပါက အလုပ်အကိုင်၊ မိသားစုဝင်ငွေနှင့် ပြည်သူတို့၏ လူမှုစီးပွားအဆင့်အတန်းများ မြင့်မားလာမည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို အပြည့်အဝ ထောက်ခံပြီး နိုင်ငံတော်သမ္မတ ပေးပို့လာသည့် အတိုင်း ဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်နိုင်ရေး ထောက်ခံဆွေးနွေးသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်က အဖွဲ့အစည်းတစ်ခုဆို အမည်သည် အုပ်ချုပ်ရေးဆိုင်ရာ သတ်မှတ်ချက်သာမက ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများအကြား အပြန်အလှန် ဆက်သွယ်ရေးအတွက်ပါ အလွန်အရေးပါကြောင်း၊ ထို့ကြောင့် ယခုအမည်ပြောင်းလဲသတ်မှတ်ခြင်းသည် မြန်မာသဒ္ဒါအထားအသိုနှင့် နိုင်ငံတကာ ဝေါဟာရအသုံးအနှုန်းတို့အရ ပိုမိုတိကျရှင်းလင်းစေရန် ရည်ရွယ်သည့် လိုအပ်သော ပြင်ဆင်မှုတစ်ရပ်ဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသင့်ကြောင်း ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ **တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး (ခ) ဦးတင်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ် (၉) ဦးရန်နိုင်ဦး**တို့က ဆက်လက်ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက ယနေ့ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြလိုသည့် ကိစ္စမှာ လက်ရှိ "စကမှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန" ဟူသော အမည်အား "စကမှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန" ဟု ပြင်ဆင်သတ်မှတ်နိုင်ရေးကိစ္စ ဖြစ်ပါကြောင်း။

လက်ရှိဝန်ကြီးဌာနအမည်မှာ "စကမှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန" ဖြစ်ပြီး ပြင်ဆင်အဆိုပြုထားသည့်အမည်မှာ "စကမှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန" ဖြစ်ပါကြောင်း၊ လက်ရှိအမည်တွင် "အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ" ဟု ဖော်ပြထားသည့်အတွက် စီးပွားရေးလုပ်ငန်းများကို သီးခြားစတုတ္ထအမျိုးအစားတစ်ခုအဖြစ် အဓိပ္ပာယ်ကောက်ယူနိုင်သည့် အခြေအနေရှိပါကြောင်း၊ ပြင်ဆင်အဆိုပြုအမည်တွင် "အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ" ဟု ဖော်ပြခြင်းဖြင့် စီးပွားရေးလုပ်ငန်းများကို အရွယ်အစားအလိုက် ခွဲခြားသတ်မှတ်ထားသည့် အမျိုးအစားသုံးရပ်အဖြစ် ရှင်းလင်းစွာ ဖော်ပြနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လက်ရှိ "စကမှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး "ဌာန" ဟူသော အမည်အစား "စကမှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန" ဟု ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၂၀၂၊ ပုဒ်မခွဲ(က) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိနိုင်ပါရန် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူရာ သဘောမတူသူမရှိသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **ဒီဇယ်ဆီ HSD(500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည်(LNG) အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို (နိုဝင်ဘာလ) ၁ လ ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍** ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ဖြစ်ပွားခဲ့သည့် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများ ငြိမ်သက်ခြင်းမရှိသေးဘဲ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည့်အတွက် အခြားဒေသတွင်း နိုင်ငံများနည်းတူ နိုင်ငံတော်အစိုးရ အနေဖြင့် အခြေခံစားသောက်ကုန်နှင့် ကုန်စည်ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေး၊ လျှပ်စစ်ဓာတ်အား ပေးစက်ရုံများအတွက် ဓာတ်အားထုတ်လုပ်မှု စရိတ်လျော့ကျစေရေးနှင့် အများပြည်သူအတွက် ဓာတ်အားခ မြင့်တက်မှုမရှိစေရေး ထိန်းညှိဆောင်ရွက်ပေးရန် လိုအပ်နေဆဲဖြစ်ပါကြောင်း။

စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအများဆုံး အသုံးပြုရသည့် ဒီဇယ်ဆီ HSD (500ppm) အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်မှ စတင်၍လည်းကောင်း၊ သဘာဝဓာတ်ငွေ့ရည် (LNG) အပေါ် ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ၂၀၂၆ ခုနှစ် မေ ၁ ရက်မှစတင်၍လည်းကောင်း ကင်းလွတ်ခွင့် ပြုနိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခ အခြေအနေ၊ ကမ္ဘာ့လောင်စာဆီဈေးနှုန်း အတက်အကျအခြေအနေ၊ ပြည်တွင်းဒီဇယ်ဆီနှင့် သဘာဝဓာတ်ငွေ့ရည်ဈေးနှုန်း အခြေအနေ၊ အခြေခံစားသောက်ကုန် ကုန်စည်ဈေးနှုန်းများအခြေအနေ၊ နိုင်ငံတော်၏ ဘဏ္ဍာငွေလိုအပ်ချက်နှင့် အခွန်အကောက်ရရှိငွေများ အခြေအနေတို့ကို လစဉ်သုံးသပ်ဆောင်ရွက်လျက်ရှိရာ ဒီဇယ်ဆီအပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် တို့ကို နိုဝင်ဘာလအတွက် (၁) လ ထပ်မံတိုးမြှင့် ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည် (LNG) အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နေ့အထိ (၁) လ ထပ်မံတိုးမြှင့်၍ ကင်းလွတ်ခွင့်ပြုပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ **ဒီဇယ်ဆီ HSD(500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်(LNG) အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို (အောက်တိုဘာလ နှင့် နိုဝင်ဘာလ) ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍** လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ် (၁၂) ဒေါ်ခင်ဆွေ က အခွန်ကင်းလွတ်ခွင့်ပေးခြင်းသည် နိုင်ငံတော်၏ ဘဏ္ဍာငွေအချို့ကို စွန့်လွှတ်ပေးခြင်းဖြစ်ရာ အဆိုပါအကျိုးကျေးဇူးများ ပြည်သူများထံ အမှန်တကယ် ရောက်မရောက် စိစစ်သုံးသပ်ရန် သက်ဆိုင်ရာဌာနများတွင် တာဝန်ရှိကြောင်း၊ စက်သုံးဆီရရှိမှုနှင့် ဖြန့်ဖြူးမှုအခက်အခဲများ၊ လုပ်ငန်းရပ်ဆိုင်းရမှုနှင့် တရားမဝင် ရောင်းချမှုတိုင်ကြားချက်များအပေါ် ကြိုးကြပ်ဆောင်ရွက်ရန် အရေးကြီးပြီး ရန်ကုန်၊ မန္တလေးတို့တွင် ရောင်တခင်စစ်ဆေးမှုများ ရှိသော်လည်း အခြားတိုင်းနှင့်ပြည်နယ် မြို့ကြီးများတွင် စစ်ဆေးအရေးယူမှု မရှိသလောက် တွေ့မြင်နေရသဖြင့် ပြည်သူအကျိုးခံစားခွင့်ကို အဓိကထား၍ ကြိုးကြပ်စစ်ဆေးမှု၊ တာဝန်ခံမှုခိုင်မာစေမည့် အစီအမံများဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ထောက်ခံဆွေးနွေးသည်။

သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဟေသားကြီး က အစိုးရအနေဖြင့် အခွန်ကင်းလွတ်ခွင့်ပေးလိုက်ခြင်းနှင့်ပတ်သက်၍ တင်သွင်းသူများ၊ ဖြန့်ဖြူးသူများနှင့် လက်လီရောင်းချသူများအထိ စာရင်းဇယားများကိုတစ်ဆင့်ချင်း စစ်ဆေးကြပ်မတ်ရန် လိုအပ်ပါကြောင်း၊ အစိုးရ၏ အခွန်ကင်းလွတ်ခွင့်ပေးခြင်း၏ အကျိုးကျေးဇူးသည် ပြည်သူများထံ မရောက်ရှိပါက အစိုးရ၏မူဝါဒကို ပြန်လည်သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ သဘာဝဓာတ်ငွေ့ရည်အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်းသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်သည့်အတွက် အမှန်တကယ် လျှပ်စစ်ဓာတ်အား မည်မျှထုတ်လုပ်နိုင်ခဲ့သည်ကို တိုင်းတာသင့်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဒီဇယ်နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် တိုးမြှင့်ပေးခြင်းသည် ပြည်သူများ၏ စားဝတ်နေရေး၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက် အထောက်အကူဖြစ်စေသည်ဖြစ်သောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် က ဒီဇယ်ဆီနှင့် LNG သည် စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် မရှိမဖြစ် စွမ်းအင်ဖြစ်သဖြင့် အခွန်သက်သာခွင့်ပေးခြင်းကို နားလည်သော်လည်း အခွန်ကင်းလွတ်ခွင့်ပေးခြင်းနှင့် ပြည်သူများ အမှန်တကယ် အကျိုးခံစားရခြင်းသည် တစ်ထပ်တည်း မဟုတ်ပါကြောင်း၊ တင်သွင်းသူများဘက်တွင် ကုန်ကျစရိတ် လျော့ကျနိုင်သော်လည်း ပြည်တွင်း လက်ကားဈေး၊ လက်လီဈေး၊ သယ်ယူပို့ဆောင်ခနှင့် အခြေခံစားသောက်ကုန် ဈေးနှုန်းများတွင် အမှန်တကယ် လျော့ကျသွားခြင်း ရှိမရှိ စိစစ်ရန်လိုအပ်ကြောင်းနှင့် အခွန်ကင်းလွတ်ခွင့်ရရှိသည့် စွမ်းအင်များ သတ်မှတ်လုပ်ငန်းကဏ္ဍသို့ အမှန်တကယ် ရောက်ရှိမှု ရှိမရှိ၊ တရားမဝင် ဈေးကွက်စီးဆင်းမှုမရှိစေရေး ကြပ်မတ်ရန်နှင့် အကျိုးရလဒ်များကို လွှတ်တော်သို့ ပြန်လည်တင်ပြသည့် စနစ်ထားရှိသင့်ကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ **ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးခင်လှိုင်နှင့် မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်လှထွေး**တို့ကဆက်လက် ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိက အသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm) ကို ကုန်ဈေးနှုန်း တည်ငြိမ်စေရန်၊ အများပြည်သူအတွက် လျှပ်စစ်ဓာတ်အားဈေးနှုန်း မြင့်တက်မှုမရှိစေရန်၊ ကုန်ထုတ်လုပ်မှုစရိတ် လျော့ချနိုင်ရန်နှင့် အခြေခံပြည်သူလူထု၏ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးကို အဓိကဦးတည်ပြီး ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည် (LNG) တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်း ဖြစ်ပါကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ရသည့် အကြောင်းရင်းများစွာ ရှိသည့်အနက် အခွန်ကောက်ခံမှုကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျော့ချနိုင်ရန်နှင့် အခွန်၏သက်ရောက်မှုနည်းပါးစေရန်အတွက် အခွန်ကင်းလွတ်ခွင့်ပြုရန် တင်ပြဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း။

ပြည်ပမှတင်သွင်းလာသည့် စက်သုံးဆီများကို ဈေးနှုန်းသတ်မှတ်ရာတွင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနက အခွန်မပါသည့်ဈေးနှုန်းဖြင့်သာ သတ်မှတ်၍ ပြည်တွင်းသို့ ပြန်လည်ဖြန့်ဖြူးရောင်းချစေခြင်းဖြင့် အခွန်ကောက်ခံမှုကြောင့် စက်သုံးဆီဈေးနှုန်း မြင့်တက်မှုမရှိစေရန် သက်ဆိုင်ရာ ကော်မတီများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas–LNG) အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့အတွက် (၂) လ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုနိုင်ရေး ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပြန်လည်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၄၆၁ မဲ၊ ကန့်ကွက်မဲ ၃၀ နှင့် ကြားနေမဲ ၃၄ မဲရရှိပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **ပလက်ဝ–ဇိုရမ်ပူရ် နှစ်လမ်းသွား လမ်းဖောက်လုပ်ခြင်းစီမံကိန်းအတွက် တင်သွင်းခဲ့သော မော်တော်ယာဉ်(၅)စီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန်အား ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စ** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မလိုမဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက ပလက်ဝ – ဇိုရမ်ပူရ် နှစ်လမ်းသွားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် မြန်မာနိုင်ငံ ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် အိန္ဒိယ–မြန်မာ နယ်စပ်ရိုးရှိဇိုရမ်ပူရ်ကို ဆက်သွယ်ဖောက်လုပ်မည့် နှစ်လမ်းသွား အဝေးပြေးလမ်း စီမံကိန်းဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းသည် အိန္ဒိယအရှေ့မြောက်ဒေသနှင့် စစ်တွေဆိပ်ကမ်းကို ချိတ်ဆက်၍ ပင်လယ်ရေကြောင်း မြစ်ကြောင်းနှင့် ကုန်းလမ်းတို့ကို ပေါင်းစပ်ကာ ဘင်္ဂလားပင်လယ်အော်သို့ ကုန်စည်သယ်ယူပို့ဆောင်မည့် *စာမျက်နှာ ၄ သို့*

စာမျက်နှာ ၃ မှ

အဓိကလမ်းကြောင်းဖြစ်သည့်အတွက် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ပြုခြင်းဖြင့် အသုံးစရိတ်လျှော့ချနိုင်ကာ လမ်းဖောက်လုပ်မှု လျင်မြန်စေမည်ဖြစ်၍ အလွဲသုံးစားမဖြစ်စေရေး တိကျစွာ သတ်မှတ်ကြီးကြပ်လျက် မော်တော်ယာဉ် ၅ စီး အပေါ် ကျသင့်မည့် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ကို လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း က အဆိုပါ စီမံကိန်းသည် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသအပါအဝင် နယ်စပ်ကုန်သွယ်ရေး ကွင်းဆက်များကို အထူးအကျိုးပြုမည်ဖြစ်ကြောင်း၊ ထို့ပြင် ကလေးစက်မှုဇုန်မှ ယခင်က ချင်းပြည်နယ်နှင့် နာဂဒေသများအတွက် မောင်းမြန်မာ မော်တော်ယာဉ်များနှင့် လယ်ယာသုံး စက်ကိရိယာများကို ၂၀၁၉ ခုနှစ် ကိုဗစ်မတိုင်မီအထိ ထုတ်လုပ်နိုင်ခဲ့ရာ အဆိုပါ လုပ်ငန်းများကို နိုင်ငံတော်၏ အထောက်အပံ့၊ MSME ချေးငွေများဖြင့် ပြန်လည်ဦးမော့လာစေပါက စီမံကိန်းများအတွက် ပြည်တွင်းထုတ် စက်ပစ္စည်းများကို အစားထိုး အသုံးပြုနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖြင့်တင်ရေးအတွက် မော်တော်ယာဉ် ၅ စီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန်အား ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စကို ပြည်ထောင်စု လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ထောက်ခံဆွေးနွေးသည်။

သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံ က လမ်းပန်းဆက်သွယ်ရေးသည် ဒေသဖွံ့ဖြိုးရေး၏ သွေးကြောဖြစ်ပြီး ပလက်ဝကဲ့သို့ ဒေသတွင်းနှစ်လမ်းသွား လမ်းဖောက်လုပ်နိုင်ခြင်းသည် ပြည်သူများ၏ လူမှုစီးပွားအတွက် အခွင့်အလမ်း တံခါးသစ်များ ဖွင့်လှစ်ပေးခြင်းဖြစ်သည့်အပြင် အဆိုပါစီမံကိန်းသည် နှစ်နိုင်ငံ ချုပ်ဆိုထားသည့် Framework Agreement နှင့်အညီ အကောင်အထည်ဖော်နေခြင်းဖြစ်သဖြင့် စီမံကိန်းအချိန်မီပြီးစီးရေး လိုအပ်သော အထောက်အပံ့များ ဖြည့်ဆည်းပေးသင့်ကာ တင်သွင်းလာသည့် မော်တော်ယာဉ် ၅ စီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ပြုရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး (ခ) ဦးတင်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၆) ဦးအေးပိုင် တို့က ထောက်ခံဆွေးနွေးကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ယခုကဲ့သို့ ပြည့်ပြည့်စုံစုံ အကြံပြုထောက်ပြဆွေးနွေးခဲ့ကြသည့် လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို အထူးကျေးဇူးတင်ရှိပြီး ဌာနအနေဖြင့်လည်း အဆိုပါမော်တော်ယာဉ်များကို သက်ဆိုင်ရာလုပ်ငန်းတွင်သာ အကျိုးရှိစွာ အသုံးချသွားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်နှင့် အညီ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ပလက်ဝ-ဇီရမဲပူရီ နှစ်လမ်းသွား လမ်းဖောက်လုပ်ခြင်းစီမံကိန်းသည် အိန္ဒိယနိုင်ငံ၏ အထောက်အပံ့ (Grant Aid) ဖြင့် ၂၀၁၇ ခုနှစ်က စတင်ဆောင်ရွက်ခဲ့သည့် စီမံကိန်း ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် နယ်မြေအခြေအနေ အရ စီမံကိန်းလုပ်ငန်းများ ရပ်တန့်ခဲ့ရသည့်အတွက် Drawback စနစ်ဖြင့် တင်သွင်းခဲ့သည့် မော်တော်ယာဉ် (၅) စီးကို မူလနိုင်ငံသို့ ပြန်လည်တင်ပို့မှု မရှိနိုင်ခြင်းကြောင့် ပြည်တွင်းသုံးစွဲမှုစနစ်သို့ ပြောင်းလဲဆောင်ရွက်ရာတွင် ကျသင့်မည့် အထူးကုန်စည်ခွန်ကို ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက် ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ပလက်ဝ-ဇီရမဲပူရီ နှစ်လမ်းသွား လမ်းဖောက်လုပ်ခြင်းစီမံကိန်းအတွက် တင်သွင်းခဲ့သော မော်တော်ယာဉ် (၅) စီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန်အား ကင်းလွတ်ခွင့်ပြုနိုင်ရေး အတွက် ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုဓ၊ အခွန်အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပြန်လည်ရှင်းလင်း တင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၅၂၃ မဲ၊ ကန့်ကွက်မဲ ၄ မဲ၊ ကြားနေမဲ ၆ မဲ ရရှိပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ်၊ နှစ်ပတ်လည်အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း က ကော်မရှင်ကိုအဖွဲ့ဝင် ၁၃ ဦးဖြင့် ဘာသာရပ်အလိုက် တာဝန်ခွဲဝေဆောင်ရွက်လျက်ရှိပြီး ဌာန ၆ ခုအပြင် နေပြည်တော်၊ မန္တလေး၊ စစ်တွေနှင့် ပုသိမ်မြို့တို့တွင် ရုံးခွဲများ ဖွင့်လှစ်ထားရှိကြောင်း၊ လူ့အခွင့်အရေးဖြင့်တင်ရေးနှင့် အသိပညာပေးရေးအတွက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ကြက်ခြေနီအသင်းနှင့် လူငယ်ရေးရာကော်မတီတို့၌ ပေါ်ပေါက်လာသော ပဋိပက္ခများ ပြန်လည် ကြီးထွားလာခြင်း၊ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ လူ့အခွင့်အရေးသင်ခန်းစာ ၁၈ ခုပို့ချခြင်းနှင့် သတင်းထုတ်ပြန်ချက် ၁၇ ခု ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအခေါ်ဖြင့် တိုင်တန်းချက် ၃၄၆ စောင်နှင့် သတင်းမီဒီယာအရ ဆောင်ရွက်မှု ၁ မှု လက်ခံရရှိခဲ့ရာ သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းမေးမြန်းခြင်း၊ တိုင်တန်းသူများထံ အကြံပြုချက် ပြန်ကြားခြင်း၊ ကော်မရှင်ရုံးသို့ ခေါ်ယူစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ပြီး တိုင်တန်းချက်များအနက် မြေယာကိစ္စ ၂၈ ဒသမ ၅၃ ရာခိုင်နှုန်း၊ တရားရေးကိစ္စ ၁၂ ဒသမ ၀၁ ရာခိုင်နှုန်းနှင့် အကျဉ်းထောင်ကိစ္စ ၁၁ ဒသမ ၂၃ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း၊ တိုင်တန်းချက်အရ ကွင်းဆင်းစုံစမ်း စစ်ဆေးမှုပြုလုပ်ခဲ့သည့်အပြင် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း၊ ရဲစခန်း၊ တရားရုံး၊ အချုပ်ခန်း၊ ဘိုးဘွားရိပ်သာနှင့် လူငယ်သင်တန်းကျောင်းများကို စစ်ဆေး၍ အကြံပြုချက်များ ပေးပို့ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ပါဂီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်း ပြည်တွင်းလေ့လာသူအဖြစ် စောင့်ကြည့်လေ့လာခဲ့ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး နဝမနေ့ကို နိုဝင်ဘာ ၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

ပန်းမော်ခရိုင် မံစီမြို့မှ အိမ်ထောင်စုများအား ဆန်ရိက္ခာနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့

မြစ်ကြီးနား နိုဝင်ဘာ ၃

နယ်မြေလုံခြုံရေး အခြေအနေအရ မြစ်ကြီးနား-မြို့ နန်ကျင်ကျေးရွာအတွင်းရှိ မံစီစခန်း၌ ယာယီနေရပ်စွန့်ခွာခိုလှုံနေထိုင်လျက်ရှိသော အိမ်ထောင်စုများအား ကျခံပြည်နယ်အစိုးရအဖွဲ့က ဆန်ရိက္ခာနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ ညနေပိုင်းက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်ပြီး စခန်းနေ အိမ်ထောင်စု ၉၃ စု၊ လူဦးရေ ၂၈၆ ဦး တို့အတွက် ငွေကျပ်သိန်း ၁၄၀ တန်ဖိုးရှိ ဆန် (၂၄)ပြည်ပါအိတ် ၁၀၀၊ ကျောင်းသုံးစာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို စခန်းတာဝန်ခံထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် စခန်းတာဝန်ခံက ကျေးဇူးတင်စကားပြောကြားပြီး မိသားစုများက နေထိုင်စားသောက်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကားပြောကြားပြီး စခန်းနေ မိသားစုများအတွက် လိုအပ်ချက်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ယခုနိုဝင်ဘာလအတွင်း ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှု အသင်းချုပ်တို့ ပူးပေါင်းကျင်းပမည့် ကချင်ရိုးရာကောက်သစ်စားပွဲတော်ကို ခမ်းနားစည်ကားစွာကျင်းပနိုင်ရေး တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ် ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။



ပြည်နယ်(ပြန်/ဆက်)

❐ *ရှေ့ဖုံးမှ*

ပြည်ဖျက်မီဒီယာများအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေး ကောင်းမွန်မှုကို မလိုလားသည့်အတွက် နယ်စပ်ရှိဒေသခံများအား စိုးရိမ်ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်စေရန်ရည်ရွယ်၍ ထိုင်းနိုင်ငံဘက်ရှိ ကုန်လှောင်ရုံများကို ဖျက်ဆီးမည်ဆိုသည့် သတင်းအပါအဝင် အခြေအမြစ်မရှိသည့် ကောလာဟလသတင်းများကို ဖြန့်ဝေနေကြောင်း တွေ့ရှိရပြီး အဆိုပါ အွန်လိုင်းမီဒီယာသတင်းများသည် မှန်ကန်မှုမရှိသည့် သတင်းမှားများသာဖြစ်ကြောင်း တွေ့ရှိရသည်။

မြန်မာ-ထိုင်းနှစ်နိုင်ငံအနေဖြင့် နိုင်ငံတော်အစိုးရအချင်းချင်း ဆက်ဆံရေး၊ တပ်မတော်အချင်းချင်း ဆက်ဆံရေး၊ ပြည်သူအချင်းချင်း နှင့် အဖွဲ့အစည်းများအကြား ဆက်ဆံရေးတို့တွင် ကဏ္ဍပေါင်းစုံ၌ ခိုင်မာအားကောင်းလျက်ရှိပြီး မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (Natural Strategic Partnership) အဆင့်ရှိသည့် နိုင်ငံများလည်းဖြစ်သည်။ မြန်မာ့တပ်မတော်အနေဖြင့်လည်း နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြားတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် နှစ်နိုင်ငံ ပြည်သူများ အနေဖြင့်လည်း ကာလရှည်ကြာသည့် မိတ်ဖက်ချစ်ကြည် ရင်းနှီးမှုများ ရှိပြီးဖြစ်သည်။

KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အပည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပျက်ပြားစေရန်ရည်ရွယ်၍ နှစ်နိုင်ငံနယ်စပ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ၁၂ ဒသမ ၇ မမ စက်သေနတ်ကြီးဖြင့် ပစ်ခတ်ခံရမှုကြောင့် ထိုင်းပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်ဟုသိရပြီး မြန်မာ့တပ်မတော်၌ အဆိုပါ လက်နက်အသုံးပြုမှုမရှိသည်ကို ထိုင်းတပ်မတော်တာဝန်ရှိသူများထံ အသိပေးပြီးဖြစ်ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများက နှစ်နိုင်ငံချစ်ကြည်ရေးကို ပျက်ပြားစေရန် ထိုင်းနိုင်ငံနယ်နိမိတ်အတွင်းသို့ ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့မှုအတွက် မြန်မာ့တပ်မတော်မှ များစွာ စာနာနားလည်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာ့တပ်မတော်အနေဖြင့် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုအား အလေးထားသည်နှင့်အညီ အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာကိုထိပါးစေမည့် အပြုအမူများကို မည်သည့်အချိန်တွင်မှ လုပ်ဆောင်မည်မဟုတ်ဘဲ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိပြီး နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်နိုင်ငံပြည်သူများ လုံခြုံအေးချမ်း၍ ဒေသတည်ငြိမ်ရေးကိုသာ အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့

---

* *ရှေ့ဖုံးမှ*

အဆိုပါ ခြင်ဆီအစားထိုးကုသခြင်းကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများ၊ အထောက်အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာဝါးဦးမှာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ ၅၇ နှစ်အရွယ် အမျိုးသားတစ်ဦး၊ လှိုင်မြို့နယ်မှ ၆၆ နှစ်အရွယ် အမျိုးသားတစ်ဦး၊ ဟိုပန်မြို့နယ်မှ ၅၄ နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ သာကေတမြို့နယ်မှ ၆၂ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် တောင်ကြီးမြို့နယ်မှ ၅၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ဖြစ်ကြသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ်တွင် ၁၀ ဦးနှင့် ၂၀၂၆ ခုနှစ် ယခုအချိန်ထိ ၁၃ ဦး စုစုပေါင်း ၃၈ ဦးကို ဆောင်ရွက်ခဲ့ပြီး ပြည်သူများ ကျန်းမာရေးကုန်ကျစရိတ် သက်သာစေရေးအတွက်ပြည်တွင်းမှာပင် ခြင်ဆီအစားထိုးကုသမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

အဖိုးတန်ရေချို၊ တန်ဖိုးထား ထိန်းသိမ်းကြစေလို။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အား လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး၊ အညတရ စစ်သည်ဗိမာန်သို့ သွားရောက်ပန်းခွေချအလေးပြု

နေပြည်တော် နိုဝင်ဘာ ၃

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အား ယနေ့မွန်းလွဲပိုင်းတွင် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Saichay Kommasith က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ (ကြည်းရေလေ) တို့ တက်ရောက်ကြပြီး လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲနှင့်အတူ လာအိုပြည်သူ့တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာနသို့ ရောက်ရှိရာ လာအို အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက ကြိုဆိုနှုတ်ဆက်သည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြသည်။ **(ယာပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲတို့သည် နှစ်နိုင်ငံ တပ်မတော်အရာရှိကြီးများနှင့် အပြန်အလှန် မိတ်ဆက်ပေးကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲတို့သည် ဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။ **(အောက်ပုံ)**

ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်ခိုင်မာစေရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်ကြား အဆင့်လိုက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ နယ်စပ်ဒေသကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာများ၊ တပ်မတော်အားကစားအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းလေ့ကျင့်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းလိမ်လည်မှုများအား အမြစ်ပြတ်ချေမှုန်းရန်၊ ဒေသတွင်း၌ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုများ ကင်းစင်ပပျောက်စေရန်နှင့် အနာဂတ်တွင်လည်း ထပ်မံပေါ်ပေါက်လာခြင်း မရှိစေရန်ရည်ရွယ်၍ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးစစ်ဆင်ရေးများကို ဆက်လက်ဆောင်ရွက်လျက်ရှိမှုနှင့် ယနေ့အထိ အွန်လိုင်းလိမ်လည်မှုနှင့်သက်ဆိုင်သော အဆောက်အအုံ၁၀၅၃လုံးအား ဖြိုချဖျက်ဆီးခဲ့မှုအခြေအနေများ။

မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖြန့်ဖြူးခြင်းမှတစ်ဆင့် ရရှိသောဝင်ငွေများဖြင့် လက်နက်/ခဲယမ်းများ ဝယ်ယူဖြည့်တင်း၍ အင်အားတည်ဆောက်လျက်ရှိသဖြင့် နှစ်နိုင်ငံ နယ်စပ်ဒေသများတွင် ခိုအောင်းနေထိုင်မှုမရှိစေရေး ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ ဒေသဆိုင်ရာ နယ်ခြားကော်မတီ(RBC)နှင့် ပူးတွဲနယ်ခြားလုံခြုံရေးကော်မတီ(JBSC) အစည်းအဝေးများ ကျင်းပနိုင်ခဲ့မှု အခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်အစိုးရမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။


တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် အညတရ စစ်သည်ဗိမာန်သို့သွားရောက်၍ ပန်းခွေချအလေးပြုသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် အညတရသူရဲကောင်းစစ်သည်ဗိမာန်၌ ဂုဏ်ပြုပန်းခွေချ အလေးပြုသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လာအိုနိုင်ငံမှ တပ်မတော်အရာရှိကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ပြန်လည်ထွက်ခွာခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ၏ ဖိတ်ကြားချက်အရ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ လာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၃

လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Saichay Kommasith ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ ထွက်ခွာသည်။

ပို့ဆောင်နှုတ်ဆက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဧနီး ဒေါ်နန်းကူးကူ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဧနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဧနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်အတူ အဖွဲ့ဝင်များအဖြစ် ဧနီး ဒေါ်နီလာ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ကြိုဆိုနှုတ်ဆက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ စစ်ဘက် အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး လာအိုနိုင်ငံရှိ အထင်ကရနေရာများအား လှည့်လည် ကြည့်ရှုလေ့လာသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။


သတင်းစဉ်



ကမ္ဘာ့သစ်တောများနှင့် မြန်မာ့သစ်တောများအကြောင်း တစေ့တစောင်း

ကမ္ဘာ့သစ်တောသယံဇာတများ

သစ်တောများသည် ၂၀၃၀ ပြည့်နှစ် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (2030 Agenda for Sustainable Development) ၏ အဓိက အခြေခံအုတ်မြစ်တစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့သစ်တောများ၏ လက်ရှိအခြေအနေ၊ အချိန်နှင့်အမျှ ပြောင်းလဲလာမှုများနှင့် ယင်းပြောင်းလဲမှု၏ လမ်းကြောင်းများကို နားလည်သိရှိခြင်းသည် ရေရှည်တည်တံ့သော မူဝါဒများ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ မူဝါဒနှင့် ဆောင်ရွက်ချက်များ၏ အကျိုးသက်ရောက်မှုများကို စောင့်ကြည့်အကဲဖြတ်ခြင်း၊ သစ်တောမှ ပံ့ပိုးပေးလျက်ရှိသော သစ်တောထွက်ပစ္စည်းများနှင့် ဂေဟစနစ် ဝန်ဆောင်မှုများကို ရေရှည်ထိန်းသိမ်းပေးနိုင်ခြင်းတို့အတွက် အလွန်အရေးကြီးပါသည်။



ကမ္ဘာ့သစ်တောများ၏အခြေအနေနှင့် ပတ်သက်ပြီး ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)က ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ကမ္ဘာ့သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း (Global Forest Resources Assessment 2025 – GFRA 2025) အစီရင်ခံစာကို လည်းကောင်း၊ ၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် "ကမ္ဘာ့သစ်တောများ၏အခြေအနေ ၂၀၂၆" (State of the World's Forests 2026 – SOFO 2026) အစီရင်ခံစာကို လည်းကောင်း ထုတ်ဝေခဲ့ပါသည်။

GFRA 2025 အစီရင်ခံစာတွင် အဓိကအားဖြင့် သစ်တောဧရိယာနှင့် သစ်တောဧရိယာ ပြောင်းလဲမှုများ၊ သစ်တော၏ဖွံ့စည်းပုံနှင့် အခြေအနေဆိုင်ရာ လက္ခဏာများ၊ ဇီဝဒြပ်ထု (Biomass) နှင့် ကာဗွန်အရင်းအမြစ်များ၊ သစ်တောဆိုင်ရာ မူဝါဒများနှင့် ဥပဒေပြဋ္ဌာန်းချက်များ၊ သစ်တောဧရိယာသတ်မှတ်အသုံးပြုမှုနှင့် သစ်တောစီမံခန့်ခွဲမှု၊ သစ်တောပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲပိုင်ခွင့်များ၊ သစ်တောများအပေါ် သက်ရောက်သည့် အနှောင့်အယှက်များနှင့် ပျက်စီးဆုံးရှုံးမှုများ၊ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများနှင့် အခြားဆက်စပ်အကြောင်းအရာများ ပါဝင်ပါသည်။


SOFO 2026 အစီရင်ခံစာတွင် ကမ္ဘာ့သစ်တောများနှင့်ပတ်သက်ပြီး နောက်ဆုံးရ သတင်းအချက်အလက်များ၊ မူဝါဒအပြောင်းအလဲများနှင့် လူသားများနှင့် သစ်တောဂေဟစနစ်များအကြား၌ လူမှုစီးပွားရေးဆိုင်ရာ ဆက်စပ်မှုများကို လေ့လာတင်ပြပြီး သစ်တောကဏ္ဍနှင့် အခြားကဏ္ဍများအကြား ချိတ်ဆက် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် ရည်ရွယ်ပြုစုထားသည့် အစီရင်ခံစာလည်းဖြစ်သည်။

ကမ္ဘာ့သစ်တောအခြေအနေကို ဖော်ညွှန်းနေသော အဓိကကိန်းဂဏန်းများ

အစီရင်ခံစာများအရ ကမ္ဘာ့သစ်တောအခြေအနေကို ဖော်ပြနေသော အဓိက အချက်အလက်များကို အောက်ဖော်ပြပါအတိုင်း တွေ့ရှိရပါသည် -

- ❖ ကမ္ဘာ့သစ်တောဧရိယာမှာ ဟက်တာ ၄ ဒသမ ၁၄ ဘီလီယံခန့်ရှိပြီး ကမ္ဘာ့မြေမျက်နှာပြင်၏ ၃၂ ရာခိုင်နှုန်းခန့်ကို ဖုံးလွှမ်းထားသည်။ အပူပိုင်း သစ်တောများသည် ကမ္ဘာ့သစ်တောဧရိယာ၏ ၄၅ ရာခိုင်နှုန်းခန့် ရှိပါသည်။
- ❖ ကာဗွန်ထားသော သစ်တောဧရိယာသည် ဟက်တာ ၈၁၃ သန်းခန့်ရှိပြီး စနစ်တကျစီမံခန့်ခွဲအုပ်ချုပ်လုပ်ကိုင်သော သစ်တောဧရိယာသည် ဟက်တာ ၂ ဒသမ ၁၃ ဘီလီယံခန့် ရှိပါသည်။
- ❖ ကမ္ဘာတစ်ဝန်း သစ်တောပြုန်းတီးမှုအား ကာလအလိုက် လေ့လာပါက ၁၉၉၀–၂၀၁၀ ပြည့်နှစ်အတွင်း နှစ်စဉ် သစ်တောပြုန်းတီးမှုပမာဏမှာ ဟက်တာ ၁၇ ဒသမ ၆ သန်း၊ ၂၀၁၀–၂၀၁၅ ခုနှစ်အတွင်း နှစ်စဉ် ဟက်တာ ၁၃ ဒသမ ၆ သန်းနှင့် ၂၀၁၅–၂၀၂၅ ခုနှစ်အတွင်း နှစ်စဉ် ဟက်တာ ၁၀ ဒသမ ၉ သန်း ပြုန်းတီးခဲ့ပါသည်။
- ❖ သဘာဝအလျောက် ပြန်လည်ဖြစ်ထွန်းသော သစ်တောဧရိယာသည် ဟက်တာ ၃ ဒသမ ၈၃ ဘီလီယံရှိပြီး မူလသစ်တောများ ဧရိယာသည် ဟက်တာ ၁ ဒသမ ၁၈ ဘီလီယံရှိပါသည်။ သစ်တောစိုက်ခင်းများဧရိယာသည် ဟက်တာ ၃၁၂ သန်းခန့်ရှိပါသည်။
- ❖ ကမ္ဘာ့သစ်တောများ၏ သစ်သားပမာဏမှာ စုစုပေါင်း ၆၃၀ ဘီလီယံကုဗမီတာရှိပြီး သစ်တော ဇီဝဒြပ်ထုပမာဏ ၇၀၉ ဂစ်ဂါတန် (Gt) ရှိပြီး သစ်တောကာဗွန် သိုလှောင်မှုပမာဏ ၇၁၄ ဂစ်ဂါတန် (Gt) ရှိပါသည်။

အစီရင်ခံစာပါအချက်အလက်များအရ ကမ္ဘာ့သစ်တောပြုန်းတီးမှုနှုန်းသည် ကျဆင်းလာနေသော်လည်း သစ်တောဆုံးရှုံးမှုသည် ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သောကြောင့် သဘာဝ သစ်တောများ ဆက်လက်ပြုန်းတီးမှုမရှိစေရေး ထိန်းသိမ်းရန် သာမက အရည်အသွေးနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို ထိန်းသိမ်းရန် ပိုမိုအရေးကြီးလာပါသည်။ ထို့အပြင် ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံနီးပါးသည် စားရေရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းအတွက် သစ်တောနှင့် သစ်ပင်များအပေါ် တစ်စိတ်တစ်ပိုင်း သို့မဟုတ် တိုက်ရိုက်မှီခိုနေကြပါသည်။



ထို့ကြောင့် **"သစ်ပင်အရေအတွက်များများ စိုက်ပျိုးခြင်း"** သာမက **"သစ်တောများနှင့် မြေယာရှုခင်းတစ်ခုလုံး၏ ဂေဟစနစ်ဝန်ဆောင်မှုများ ပိုမိုတိုးပွားလာစေရေး၊ လူမှုစီးပွားဘဝ ပြန်လည်တိုးတက်ကောင်းမွန်စေရေး"** ကိုလည်း အထူးအလေးပေးဆောင်ရွက်ကြရန် မီးမောင်းထိုးပြထားပါသည်။

သစ်တောနှင့် မြေယာရှုခင်း ပြန်လည်ထူထောင်ခြင်း

ယခုအခါ ကမ္ဘာ့နှင့်တစ်ဝန်း ရင်ဆိုင်နေရသော ရာသီဥတုပြောင်းလဲမှုနှင့် နောက်ဆက်တွဲသဘာဝဘေးအန္တရာယ်ဆိုင်ရာပြဿနာများကို လျော့ပါးသက်သာစေရန်အတွက် သစ်ပင်များ ပြန်လည် စိုက်ပျိုးခြင်းသက်သက်ထက် သစ်တောမြေယာရှုခင်း ပြန်လည်တည်ထောင်ခြင်း (Forest Landscape Restoration–FLR) နည်းလမ်းဖြင့် ဆောင်ရွက်လာကြသည်။



သစ်တောမြေယာရှုခင်း ပြန်လည်ထူထောင်ခြင်း (FLR) ဆိုသည်မှာ သစ်တောများ ပြုန်းတီးသွားသော နေရာကွက်လပ်များ၌သာ မဟုတ်ဘဲ ကျယ်ပြန့်သည့် နေရာဒေသတစ်ခုလုံးတွင် ဂေဟစနစ်ဆိုင်ရာ ပြည့်စုံကောင်းမွန်မှုကို ပြန်လည်ရရှိစေရန်နှင့် လူသားတို့၏ လူနေမှုဘဝအရည်အသွေးကို မြှင့်တင်ပေးနိုင်ရန် အတွက် စနစ်တကျစီစဉ်ထားသော သစ်တောများ စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။

ဂေဟစနစ်ဝန်ဆောင်မှုများ တိုးပွားလာစေပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ပြိုင်နက်တည်း မြှင့်တင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ သစ်တောများနှင့် မြေယာရှုခင်း ပြန်လည်တည်ထောင်ခြင်းကို ကုလသမဂ္ဂဂေဟစနစ် ပြန်လည်ထူထောင်ရေးဆယ်စုနှစ် (၂၀၂၁–၂၀၃၀)၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင် ၁၅ (SDG 15) စဉ်ဆက်မပြတ်သစ်တောစီမံခန့်ခွဲမှုများ အပါအဝင် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်များနှင့် ချိတ်ဆက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းထားသည်။

ကတိကဝတ်များမှသည် လက်တွေ့ အကောင်အထည်ဖော်မှုဆီသို့

ကမ္ဘာ့နိုင်ငံများသည် သစ်တောနှင့် မြေယာပြန်လည်ထူထောင်ရေးအတွက် ရည်မှန်းချက်များနှင့် ကတိကဝတ်များစွာ ချမှတ်ထားကြသည်။ ၂၀၂၅ ခုနှစ် ကမ္ဘာ့သစ်တောသယံဇာတ ဆန်းစစ်မှု အစီရင်ခံစာ (FRA 2025) အချက်အလက်များအရ ကမ္ဘာ့သစ်တောဧရိယာ၏ ၆၉ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုသည့်နိုင်ငံနှင့် ဒေသ ၉၁ ခုသည် သစ်တောပြန်လည်ထူထောင်ရေးအတွက် ဧရိယာဟက်တာ သန်း ၁၉၀ ကျော် ကတိပြုထားသည်။ သို့သော်



အဆိုပါပမာဏအနက် ၅၅ နိုင်ငံနှင့် ဒေသများကသာ ၎င်းတို့၏ ကတိကဝတ်နှင့် ဆက်စပ်သည့် တိုင်းတာနိုင်သော တိုးတက်မှုများကို အစီရင်ခံနိုင်ခဲ့သည်။

အခြား ၃၆ နိုင်ငံနှင့် ဒေသများသည် စုစုပေါင်း ဟက်တာ ၆၉ သန်းကျော် ကတိပြုထားသော်လည်း တိုင်းတာနိုင်သည့်တိုးတက်မှုကို တင်ပြနိုင်ခြင်းမရှိသည်ကို အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကမ္ဘာ့နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် မြေဧရိယာ ဟက်တာ ၁ ဘီလီယံကျော်ကို ပြန်လည်ထူထောင်ရန် ကတိပြုထားကြသည်။ သို့သော် ၂၀၃၀ ပြည့်နှစ် ကမ္ဘာလုံးဆိုင်ရာ ပြန်လည်ထူထောင်ရေးရည်မှန်းချက်များ ပြည့်မီရန်အတွက် အနည်းဆုံးဧရိယာဟက်တာ သန်း ၄၇၀ ကို လက်တွေ့ကျကျ ပြန်လည်ထူထောင်ရန် လိုအပ်လျက်ရှိပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*

❖ သစ်တောမြေယာရှုခင်း ပြန်လည်ထူထောင်ခြင်း (FLR) ဆိုသည်မှာ သစ်တောများ ပြုန်းတီးသွားသော နေရာကွက်လပ်များ၌သာ မဟုတ်ဘဲ ကျယ်ပြန့်သည့် နေရာဒေသတစ်ခုလုံးတွင် ဂေဟစနစ်ဆိုင်ရာ ပြည့်စုံကောင်းမွန်မှုကို ပြန်လည်ရရှိစေရန်နှင့် လူသားတို့၏ လူနေမှုဘဝအရည်အသွေးကို မြှင့်တင်ပေးနိုင်ရန် အတွက် စနစ်တကျစီစဉ်ထားသော သစ်တောများ စိုက်ပျိုးထိန်းသိမ်းရေး လုပ်ငန်းစဉ်တစ်ခုဖြစ်

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ။ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန် ပြုပြင်ပါ။



ရေချိုးချိန်နှင့် နေစဉ်ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။




သဘာဝကပေး ရေချိုအား၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးအား တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၃

လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး သည် ယနေ့ည နှစ်ပွဲပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး General Khamlieng Outhakayson အား ကာကွယ်ရေးဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး General Khamlieng Outhakayson တို့ တွေ့ဆုံဆွေးနွေးစဉ်။

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)တို့ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးနှင့် အတူ လာအိုပြည်သူ့တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး၊ စစ်ဘက်ဆက်ဆံရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံဆက်ဆံရေးတို့တွင် တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ ကမ္ဘောဒီးယား – လာအို – မြန်မာ – ဗီယက်နမ် တို့ပါဝင်သော CLMV အဖွဲ့ဝင်နိုင်ငံလေးနိုင်ငံ၊ မဟာမဲခေါင်ဒေသခွဲအဖွဲ့၊ ဧရာဝတီ–ကျောက်ဖရား – မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအဖွဲ့တို့တွင်လည်း အဖွဲ့ဝင်နိုင်ငံများအဖြစ်ဒေသတွင်းတိုးတက်ဖွံ့ဖြိုးရေးကိစ္စရပ်များတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မဲခေါင်မြစ်လုံခြုံရေးအပါအဝင် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရေးကောင်းမွန်အောင် နေထိုင်လျက်ရှိပြီး ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ် နှင့်အညီ ရပ်တည်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုများဖြစ်သော ဒီမိုကရေစီနည်းကျ ရွေးချယ်ခံထားရသည့် နိုင်ငံတော်အစိုးရသည် ပြည်သူ့ဆန္ဒကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒနှင့်အညီ အိမ်နီးချင်းကောင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ အပါအဝင် နိုင်ငံတကာနှင့်ဟန်ချက်ညီဆက်သွယ်ဆောင်ရွက်နေမှု အခြေအနေများ၊ တပ်မတော်အနေဖြင့်လည်း အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကာကွယ်စောင့်ရှောက်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးမှုပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြကာ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A .G .T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာ သင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ကျောင်းသား ကျောင်းသူ ၂၆၇ ဦးတို့ကို အလုပ်တာဝန်ခန့်အပ်လွှာများ ပေးအပ်ကြသည်။



ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၉၀၇ ဦး၊ သိပ္ပံဘွဲ့ ၁၇၉၄ ဦး၊ နည်းပညာ B.Tech ဘွဲ့ ၁၃၅ ဦး၊ A.G.T.I ဒီပလိုမာ ၁၁၇၁ ဦး စုစုပေါင်း ၄၀၀၇ ဦး ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မဟာဝိဇ္ဇာဘွဲ့ ၄၄ ဦး၊ မဟာသိပ္ပံဘွဲ့ ၈၆ ဦး၊ မဟာသုတေသနဘွဲ့ ၃၅ ဦး၊ Ph.D ဘွဲ့ ၁၈ ဦး၊ B.Eဘွဲ့ ၂၆၉ ဦး၊ M.Eဘွဲ့ ၂၀၊ B.Tech ဘွဲ့ ၉၅ ဦး အောင်မြင်မှု ရရှိခဲ့သည့်အပြင် ဘာသာရပ်အလိုက် ဆက်လက်ကြိုးစားသင်ယူခဲ့သော ကျောင်းသား ကျောင်းသူများလည်းရှိကြောင်း အဆိုပါပွဲမှ သိရသည်။

အဆိုပါပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာခေတ်ကြီး၌ ကြီးပြင်းခဲ့ကြသူများဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများကို အဆင့်မြင့်မြင့် တတ်မြောက်အောင် ဆက်လက်ကြိုးစားလေ့လာသွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့လေ့လာတတ်မြောက်ထားသည့် ပညာရပ်များကို တိုးတက်မြင့်မားအောင် စဉ်ဆက်မပြတ် လေ့လာဆည်းပူး၍ မိမိတို့ လုပ်ငန်းခွင်များတွင် ကြုံတွေ့ရမည့်အခြေအနေများနှင့် ပေါင်းစပ်၍ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမှားအနည်းဆုံးဖြင့် အောင်မြင်အောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားကြရန်၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်စေရေးနှင့် ဗလငါးတန်နှင့် ပြည့်စုံစေရေး စသည့်လူငယ်ကဏ္ဍာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း။

သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ကြသည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအတိုင်း ကျင့်ဝတ်စည်းကမ်းတန်ဖိုးများကို သိရှိလိုက်နာပြီး လုပ်ငန်းစွမ်းဆောင်ရည်အပြည့်ဖြင့် မြင့်မားသော စိတ်ဓာတ်၊ မှန်ကန်သောခံယူချက်၊ မြင့်မြတ်သော အကျင့်စာရိတ္တကောင်းများကို လက်ကိုင်ပြု၍ အဂတိတရားကင်းရှင်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ကျရာအခန်းကဏ္ဍမှ ကြိုးစားထမ်းဆောင်သွားကြရန်၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်အချိုးကျသည့်အတွက် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ နိုင်ငံဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာသာဘာရပ် ထူးချွန်ဆုရရှိသူ ကျောင်းသား တစ်ဦးနှင့် သိပ္ပံဘာသာရပ် ထူးချွန်ဆုရရှိသူ ကျောင်းသူ တစ်ဦးတို့ကိုလည်းကောင်း(၀ဲပုံ)၊ ဒုတိယဝန်ကြီးက A.G.T.I ဒီပလိုမာ ထူးချွန်ဆုရရှိသူ တစ်ဦးတို့ကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် ဒီဂရီကောလိပ်အတွင်း အခြေခံစစ်ပညာသင်တန်းလေ့ကျင့်သင်ကြားနေမှု၊ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် သုံးထပ်ကျောင်းသူအိပ်ဆောင်၊ THEATRE ခန်းမ၌ ကျောင်းပိတ်ရက် လေ့ကျင့်ရေးကာလအတွင်း ကျောင်းသား ကျောင်းသူများ၏ အထွေထွေဗဟုသုတ ယှဉ်ပြိုင်နေမှုနှင့် ဒီဂရီကောလိပ် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုဆုငွေကိုလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မိတ္ထီလာမြို့နယ်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၃

မိတ္ထီလာမြို့နယ် လိန်တောကြိုးပြင်ကာကွယ်တောအတွင်း အပူပိုင်းဒေသ(၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီ၌ နိုင်ငံတော်အဆင့်စိုက်ပျိုးခဲ့သည့် သစ်ပင်များရှင်သန် အောင်မြင်မှုနှင့် ဘက်စုံသုံးစိုက်ခင်းဇော ၃၀ စိုက်ပင်များ ရှင်သန်အောင်မြင်မှုကို မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သိဂီအောင်သည် ယနေ့ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိတ္ထီလာ–မြင်းခြံကားလမ်းဝဲယာတွင် ၂၀၂၆ ခုနှစ် မိုးရာသီ စတုတ္ထအကြိမ် တိုင်းဒေသကြီးအဆင့် စိုက်ပျိုးပင်များ ရေအစိုဓာတ် ထိန်းသိမ်းနိုင်စေရေး အပင်ခြေများ ဖုံးအုပ်ခြင်း၊ ရေစိမ့်အိုးမြှုပ်ခြင်းများ ဆောင်ရွက်ထားရှိမှုနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက စိုက်ပျိုးထားသည့် ရန်ကုန်–မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၂၈၃/၂–၂၈၄/၂)ရှိ လမ်းကြိုးဝဲယာများနှင့် မြို့အဝင်များ စိမ်းလန်းစိုပြည်ရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ထာဝရကုသိုလ်ရယူဖို့
သစ်ပင်စိုက်ပျိုး
ထိန်းသိမ်းစို့။

ကျန်းမာရေးဝန်ကြီးဌာန သစ်လွင်သူနာပြုများကို နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၃

ကျန်းမာရေးဝန်ကြီးဌာန၏ သစ်လွင်သူနာပြုများအား နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



တာဝန်ပေးအပ်ပွဲတွင် သူနာပြုတက္ကသိုလ် (ရန်ကုန်)မှ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)အောင်မြင်သူ ၂၈၃ ဦးနှင့် သူနာပြုတက္ကသိုလ်(မန္တလေး)မှ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)အောင်မြင်သူ ၁၇၉ ဦး စုစုပေါင်း ၄၆၂ ဦးကို နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာများ ပေးအပ်မည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် သူနာပြု ၂၁၄၃ ဦးတို့ကို သစ်လွင်သူနာပြုများအဖြစ် ခန့်အပ် တာဝန်ပေးအပ်ရန် ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက နိုင်ငံတော်အနေဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ သူနာပြုများနေထိုင်ရန် အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ ရရှိထားသော ပညာအရည်အချင်းအလိုက် ထောက်ပံ့ကြေးများ၊ ရာထူးအဆင့်အလိုက် လစာနှုန်းတိုးမြှင့်ခြင်းများဆောင်ရွက်ခဲ့ကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် Capacity Building အတွက် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး မိမိတို့အရည်အသွေးတိုးတက်လာစေရေးအတွက်ကြိုးစားကြစေလိုကြောင်း သစ်လွင်သူနာပြုများအား ကျန်းမာရေးဝန်ကြီးဌာနမှ မိသားစုဝင်အဖြစ် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုပါကြောင်း၊ ပြည်သူလူထုအားကိုးအားထားရသော သူနာပြုဆရာ ဆရာမကောင်းများဖြစ်ရန် ကြိုးစားကြစေလိုကြောင်း၊ အချင်းချင်း အပြန်အလှန်လေးစားပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များပြည့်မီအောင် ဆတက်ထမ်းပိုး ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စုစုပေါင်း ၄၆၂ ဦးကိုယ်စား သစ်လွင်သူနာပြုနှစ်ဦးကို နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာများ ပေးအပ်ခဲ့ပြီး သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ သစ်လွင်သူနာပြုတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အလယ်အလတ်အဆင့်/အဆင့်မြင့်စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁၀၄) သင်တန်းဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၃

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းနေပြည်တော်နှင့် ရန်ကုန်တို့တွင် တစ်ပြိုင်တည်းဖွင့်လှစ်သည့် အလယ်အလတ်အဆင့်/အဆင့်မြင့်စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၁၀၄) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး



နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

သင်တန်းကို နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒများအကောင်အထည်ဖော်ရာတွင် အထောက်အကူပြုစေရန်၊ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ရာတွင် တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်စေရန်၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်တာဝန်များကို လုပ်ရည်ကိုင်ရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်စေရန်၊ လုပ်ငန်းခွင်တွင် လက်တွေ့ အသုံးချနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက ယခုသင်တန်းများကို ၁၉၆၀ ပြည့်နှစ်မှစ၍ ဖွင့်လှစ်ခဲ့ပြီး (၁၀၃) ကြိမ်အထိ ဝန်ကြီးဌာနအဖွဲ့များမှ အလယ်အလတ်အဆင့်တွင် သင်တန်းသား သင်တန်းသူ ၃၅၉၄ ဦးနှင့် အဆင့်မြင့်တွင် သင်တန်းသား သင်တန်းသူ ၁၈၄၄ ဦးကို သင်ကြားပို့ချခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းသားများ အနေဖြင့် သင်တန်းတွင် ပို့ချမည့်ဘာသာရပ်ဆိုင်ရာ အသိပညာ၊ ဗဟုသုတများကို သိရှိနားလည်ပြီး ကျွမ်းကျင်တတ်မြောက်သည်အထိ ကြိုးစားလေ့လာသင်ယူရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဝန်ကြီးဌာနအဖွဲ့အစည်း ၃၂ ခုမှ နေပြည်တော်တွင် သင်တန်းသား ၂၁၉ ဦးနှင့် ရန်ကုန်တွင် သင်တန်းသား ၁၃၅ ဦး စုစုပေါင်း ၃၅၄ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ စာမေးပွဲရက် အပါအဝင် သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ပဒေါင်းနှင့် ကြီးကြီးကျေးရွာတို့၌ နိုဝင်ဘာ ၂ ရက်က အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှုဖြစ်ပေါ်စေရေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးဝင်းနှင့် တာဝန်ရှိသူများ မြေသားမိုးရေလှောင်ကန်များတွင် ရေသိုလှောင်ထားရှိမှု ကြည့်ရှုစစ်ဆေးစဉ်။ ချစ်ဦးကိုကို



ကျောက်ဆည်မြို့နယ် သံရွာကျေးရွာ၌ အိမ်တွင်းလျှပ်စစ်ဝိုင်ယာသွယ်တန်းခြင်း ရွှေ့လျားကာလတိုသင်တန်းဖွင့်လှစ်

ကျောက်ဆည် နိုဝင်ဘာ ၃

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟို ကော်မတီ၏ ညွှန်ကြားမှုဖြင့် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)တို့ ပူးပေါင်း၍ အိမ်တွင်း လျှပ်စစ်ဝိုင်ယာသွယ်တန်းခြင်း ရွှေ့လျားကာလတိုသင်တန်းကို ယမန်နေ့က ကျောက်ဆည်မြို့နယ် သံရွာကျေးရွာ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်ကအမှာစကားပြောကြား



ပြီး မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးရှုမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်က သင်တန်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး နှင့်အဖွဲ့က သင်တန်းသုံးပစ္စည်းများကို ကြည့်ရှုအားပေးပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အောင်ချမ်းသာကျေးရွာရှိ A1 ချိုချဉ်စက်ရုံကို နိုဝင်ဘာ ၂ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းသန့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးစဉ်။

ရွှေရန်ကင်း



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မော် အနောက်ရပ်ကွက်ရှိ ၄၁ လမ်းညစျေး၌ နိုဝင်ဘာ ၃ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးညွှန့်ဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များ ဈေးမီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။

မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး၌ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃

အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ခန်းမ၌ ကျင်းပသည်။

အဆိုပါနှီးနှောဖလှယ်ပွဲကို ခုံသမာဓိကောင်စီ၊ အောက်မြန်မာပြည်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် ခုံသမာဓိ အဖွဲ့ဝင်များနှင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့ဝင်များအချင်းချင်း အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေနှင့်အညီ အငြင်းပွားမှုများကို ဖျန်ဖြေ၊ စစ်ဆေးဆုံးဖြတ်ခဲ့သည့် အတွေ့အကြုံများကို မျှဝေဖလှယ်နိုင်ရန်၊ နောင်ဖြစ်ပွားလာမည့် အငြင်းပွားမှုများကို ပိုမိုမြန်ဆန်စွာ ဖြေရှင်းနိုင်မည့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်နိုင်ပြီး ရှေ့ဆက်လက် ဆောင်ရွက်ရမည့် အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။



နှီးနှောဖလှယ်ပွဲတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က လုပ်ငန်းခွင် ပြဿနာများကို WCC တွင် ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ခြင်းဖြင့် အချိန်တိုအတွင်း ပြေလည်မှုရရှိခြင်းကြောင့် လုပ်ငန်းခွင် ငြိမ်းချမ်းသာယာခြင်း၊ အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတည်ဆောက်နိုင်ပြီး အလုပ်သမားရေးရာ အငြင်းပွားမှုများ လျော့နည်းစေမည်ဖြစ်ကြောင်း၊ WCC တွင် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်သော်လည်း ပြေလည်မှုမရရှိသည့် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုများကို မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီဝင်ဖြင့် အဆင့်ဆင့်ဖြေရှင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အမှာစကားပြောကြားသည်။

အလားတူ တာဝန်ရှိသူများက နှီးနှောဖလှယ်ပွဲကျင်းပပြုလုပ်ရသည့်ကိစ္စရပ်များ၊ ဦးစီးဌာနအလိုက် စည်းကြပ်သည့်ဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အလုပ်သမားရေးရာ အငြင်းပွားမှုများ စစ်ဆေးဆုံးဖြတ်ရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းဆွေးနွေးခြင်း၊ တက်ရောက်လာသည့် ကိုယ်စားလှယ်များက အုပ်စုလေးစုဖွဲ့၍ အလုပ်သမားရေးရာအငြင်းပွားမှုများကို တရားမျှတစွာ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ခြင်း၊ အလုပ်သမားအဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် ရေရှည်တည်တံ့သော လုပ်ငန်းခွင်ဆက်ဆံရေးတည်ဆောက်ခြင်း၊ လူမှုဖူလုံရေးစနစ်နှင့် အာမခံချက်ရှိသော အကျိုးခံစားခွင့် စံနှုန်းများ၊ အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များနှင့် ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်တစ်ရပ်ဖြစ်ပေါ်ရေး ခေါင်းစဉ်များအပေါ် အုပ်စုအလိုက် ဆွေးနွေးခြင်း၊ ခေါင်းစဉ်အလိုက် အကြံပြုဆွေးနွေးချက်များကို အကျိုးရလဒ်များထွက်ပေါ်သည်အထိ အပြန်အလှန် ရှင်းလင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာနှီးနှောဖလှယ်ပွဲများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် နှစ်စဉ်ကျင်းပလျက်ရှိပြီး နှီးနှောဖလှယ်ပွဲများမှ ထွက်ပေါ်လာသည့် ရလဒ်များအပေါ် မူတည်၍ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှု လျော့ပါးစေရေးအတွက် အသိပညာပေးခြင်း၊ အငြင်းပွားမှုဖြစ်ပေါ်လာပါက ဥပဒေနှင့်အညီ ညှိနှိုင်းဖြေရှင်းခြင်းဖြင့် အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများ လျော့နည်းကျဆင်းကာ လုပ်ငန်းခွင်အေးချမ်းသာယာရေးနှင့် ကုန်ထုတ်စွမ်းအားမြင့်မားလာစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၃

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr.Tor Saralamba နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ထိုင်းနိုင်ငံသံအမတ်ကြီးက ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အဖြတ်ဝေစု၊ ချေးငွေစသည်တို့ကို မိခင်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းခြင်းဖြင့် အဆိုပါငွေကြေးများသည် မြန်မာနိုင်ငံအတွင်း၌ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုတိုးချဲ့လုပ်ကိုင်ရန် အတွက် ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဘဏ်ခွဲလာရောက်ဖွင့်လှစ်ထားသော ထိုင်းဘဏ်များသည် မြန်မာနိုင်ငံ၏ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ထိုင်းနှင့်မြန်မာကုမ္ပဏီများကို ချေးငွေများ ထုတ်ချေးပေးရန် ရည်ရွယ်ကြောင်းနှင့် ထိုင်းနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်နေသော မြန်မာလုပ်သားများ၏ ပြန်လည်ငွေလွှဲပို့မှုအတွက် တရားဝင်လမ်းကြောင်းမှတစ်ဆင့် ပြန်လည်လွှဲပို့နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်စေရန်နှင့် ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်း၍ ငွေကြေးလွှဲပြောင်းမှုများ၊ ငွေပေးချေမှုများချောမွေ့စွာ လုပ်ကိုင်နိုင်ရန်အတွက် ဗဟိုဘဏ်မှ ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း၊ အဖြတ်ဝေစုလွှဲပို့ခြင်း၊ ချေးငွေအတွက် အတိုးငွေလွှဲပို့ခြင်းများကို လုပ်ငန်းလုပ်ထုံးလုပ်နည်းဆွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ဘဏ်များ၏အခြေအနေပေါ်မူတည်၍ နိုင်ငံခြားငွေလက်ကျန်သတ်မှတ်ခြင်းကို အမြတမ်းသုံးသပ်လျက်ရှိပြီး ဖြေလျှော့ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်သော အလုပ်သမားများ ပြန်လည်ငွေလွှဲပေးပို့ခြင်း (Worker Remittance)နှင့် ပတ်သက်၍ တရားမဝင်ငွေလွှဲပို့မှုကို အားပေးသကဲ့သို့ မဖြစ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတင်းရရှိသည်။ **သတင်းစဉ်**

နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၃

(၃၈) နှစ်မြောက် နိုဝင်ဘာလည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ခုတင်(၁၀၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန်းဆွေဝင်းနှင့် တာဝန်ရှိသူများ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင်ကလေးကြီးကြပ်မှုစောင့်ရှောက်ရေး အသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဝန်ထမ်းသွေးအလှူရှင်များအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။



ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ဆေးရုံကြီးအတွက် လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းရာ ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သျှင်ဦးမောင်(ဒဂ္ဂိဏ)

အယ်လ်နီညိုရာသီဥတုကြောင့် ရေရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို မိုးညှင်းခရိုင်အတွင်းရှိ ကျေးရွာ ၅၀ ကျော်တွင် ဆောင်ရွက်လျက်ရှိ

မိုးညှင်း နိုဝင်ဘာ ၃

မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အယ်လ်နီညို ရာသီဥတုကြောင့် ရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ရေး အသိပညာပေး လုပ်ငန်းများကို ခရိုင်အတွင်းရှိ ကျေးရွာ ၅၀ ကျော်တွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မိုးကောင်းမြို့နယ်ထုံးရေပေါက်ကျေးရွာတွင် အယ်လ်နီညို ရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်သည်။

အသိပညာပေး ဆွေးနွေးပွဲတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြသိန်းဝင်းက အယ်လ်နီညို ရာသီဥတုဖြစ်စဉ်အတွင်း မိုးရွာသွန်းမှု မမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးမှုနှင့် အခြားဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သဖြင့် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရန် ရေကိုကြိုတင် စုဆောင်းထားရှိရေး၊ ရေကို စနစ်တကျသုံးစွဲရေးနှင့် စပ်လျဉ်း၍ ကျေးရွာနေပြည်သူများအား အသိပညာပေးဆွေးနွေးပြီး ဝန်ထမ်းများက အသိပညာပေးလက်ကမ်းစာစောင်များကိုကျေးရွာနေပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **၈၄လေး**



အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၃ – နိုဝင်ဘာ ၃ ရက် နံနက် ၁၁ နာရီ ၅၃ မိနစ်၊ ၄၃ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၅၆ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ တောင်ဘက် ၁၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၄၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၃၈ ဒီဂရီ၊ အနက် ၁၃၁ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၄ ဒသမ ၅ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။ **မိုး/၈လ**

ခေတ်မီစံပြကျေးရွာ ဆိုသည်မှာ . . .

မောင်အောင်



လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာ၏ ကျေးရွာစာကြည့်တိုက်နှင့် ICT စင်တာ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။

"မင်္ဂလာပါ။ ကျွန်တော်ကတော့ ကျိုက်လတ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဘကြီးအောင်ဖြစ်ပြီး ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဖွံ့ဖြိုးရေး ကော်မတီဥက္ကဋ္ဌ ဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ ကော်မတီအတွင်းရေးမှူးနဲ့ ကော်မတီဝင်များ ပါပါတယ်။

"ဒီ လယ်ဝေးမြို့နယ် သော်မှော်ကုန်း စံပြကျေးရွာကို လာရောက်ပြီး လေ့လာတဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ ကော်မတီရဲ့ အဓိကတာဝန်ဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ လုပ်ဆောင်ရာမှာ အထောက်အကူ ဖြစ်စေဖို့ လာရောက်ခဲ့တာ ဖြစ်ပါတယ်။

"သော်မှော်ကုန်း ကျေးရွာက ကျွန်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်ချိန်ကတည်းက ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ရင်း ရောက်ခဲ့တဲ့အတွက် ကျွန်တော့်ရွာလို ဖြစ်နေတာပါ။ နေပြည်တော်မှာရှိတဲ့ မြို့နယ်တွေက စံပြကျေးရွာတွေဟာ စံပြကျေးရွာတစ်ခုမှာရှိရမယ့် အရည်အချင်းတွေနဲ့ ပြည့်စုံအောင် တည်ဆောက်ထားကြတာဖြစ်ပါတယ်။

"အခု ကျွန်တော်နဲ့အတူပါရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များက တစ်မြို့နယ်စီက လာတာဖြစ်တဲ့အတွက် ကျွန်တော်တို့ နေပြည်တော်မှာရှိတဲ့ စံပြကျေးရွာကို လေ့လာရင်း လိုအပ်တဲ့ အကြံဉာဏ်တွေပေးကြဖို့ ပြောကြားလိုပါတယ်"

ဘကြီးအောင်၏ စကားအဆုံးတွင် လွှတ်တော်ကိုယ်စားလှယ်များက တစ်ဦးချင်း မိတ်ဆက်ကြသည်။ လွှတ်တော် ကိုယ်စားလှယ်များတွင် ရုံးပြည်နယ် မိုးနဲကပါသလို ကချင်ပြည်နယ် မြစ်ကြီးနား ခေါင်လန်ဖူးက ပါသည်။ မန္တလေးတိုင်းဒေသကြီး ရွှေဘို နှင့် ကျောက်ဆည်မှ လွှတ်တော်ကိုယ်စားလှယ်များအပြင် ပဲခူးတိုင်းဒေသကြီး သနပ်ပင်၊ ရွှေကျင်နှင့် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးနှင့် ကျိုက်လတ် လွှတ်တော်ကိုယ်စားလှယ်များ ပါသဖြင့် မြို့နယ်စုံလှသည်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တစ်ဦးချင်း မိတ်ဆက်ပြီးသည့်အခါ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှူးက သော်မှော်ကုန်းခေတ်မီစံပြ ကျေးရွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်းရှိ မြို့နယ်များတွင် ခေတ်မီစံပြ ကျေးရွာထူထောင်ခြင်း လုပ်ငန်းစီမံကိန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပါသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ခရိုင်လေးခရိုင်၊ မြို့နယ်ရှစ်မြို့နယ်နှင့် ကျေးရွာ ၈၇၃ ရွာရှိသည်။ မြို့နယ်ရှစ်မြို့နယ်တွင် လယ်ဝေးမြို့နယ်၌ ကျေးရွာအများဆုံးရှိပြီး ၃၀၈ ရွာရှိသည်။ ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်း လုပ်ငန်းစီမံကိန်း၌ ကျေးရွာရွေးချယ်ရာတွင် အဓိက အခြေခံရမည့်မူ ရှစ်ချက် ရှိသည်။ ယင်းတို့မှာ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံ အဆောက်အအုံဖြစ်သည့် စာသင်ကျောင်း၊ ဆေးပေးခန်း၊ လမ်း တံတား၊ ရေပေးဝေရေး၊ မီးလင်းရေး စသည့် အခြေခံအဆောက်အအုံများ အသင့်အတင့်ရှိပြီးသော ကျေးရွာဖြစ်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြား အသေးစား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိပြီး ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသော ကျေးရွာဖြစ်ခြင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် အခြားအသေးစားထုတ်ကုန်များ၊ ဈေးကွက်သို့ပို့ဆောင်ရန် လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်သည့် ကျေးရွာဖြစ်ခြင်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့် မိသားစုဝင်တွေ့ဆုံပွားရေး လုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် စုပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားသော ကျေးရွာဖြစ်ခြင်း၊ ဖုန်း၊ အင်တာနက်လိုင်း အသင့်အတင့် ကောင်းမွန်သည့်အပြင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအား ပြည်သူ့ထည့်ဝင်ငွေဖြင့် ဆောင်ရွက်ရန် ဆန္ဒရှိပြီး ဌာနဆိုင်ရာအဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်လိုသည့် ကျေးရွာ ဖြစ်ရန် လိုအပ်သည်။

ထို့အပြင် တရားဥပဒေစိုးမိုးပြီး လုံခြုံရေးကောင်းမွန်၍ နယ်မြေတည်ငြိမ်အေးချမ်းရန် လိုအပ်သကဲ့သို့ ရွာသူ၊ ရွာသားများကလည်း စည်းလုံးညီညွတ်မှုရှိပြီး စီမံကိန်းဆောင်ရွက်ရန် စိတ်အား ထက်သန်မှုရှိရမည့်အပြင် အနည်းဆုံး အိမ်ထောင်စု ၇၀ နှင့်အထက်ရှိသည့် ကျေးရွာဖြစ်ရန် လိုအပ်သည်။

"ပြည်ထောင်စုနယ်မြေ နေပြည်တော်မှာ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ ပျဉ်းမနား မြို့နယ် ကျေးရွာနှစ်ရွာမှာ လုပ်ငန်း ၁၁၁ ခုကို ငွေကျပ် ၇၄၈ သန်း၊ လယ်ဝေးမြို့နယ် ကျေးရွာ လေးရွာမှာ လုပ်ငန်း ၁၄၅ ခုအတွက် ငွေကျပ် ၁၇၁၄ သန်း၊ ဥတ္တရသီရိမြို့နယ် ကျေးရွာ လေးရွာမှာ လုပ်ငန်း ၁၆၉ ခုအတွက် ငွေကျပ် ၁၈၇၁ သန်း၊ ဒေယျာသီရိမြို့နယ် ကျေးရွာ လေးရွာမှာ လုပ်ငန်း ၉၃ ခုအတွက် ငွေကျပ်သန်း ၁၁၅၀ စုစုပေါင်း မြို့နယ် ခုနစ်မြို့နယ်၊ ကျေးရွာ ၁၄ ရွာမှာ လုပ်ငန်း ၅၁၈ ခုအတွက် ငွေကျပ် ၅၄၈၃ သန်း၊ နိုင်ငံတော်က ကျခံဆောင်ရွက်ပေးခဲ့ကြောင်း တင်ပြအပ်ပါတယ်"

မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက သူ့တင်ပြချက်ကို အဆုံးသတ်လိုက်သည်။

"အခု ကျွန်တော်တို့သိချင်တာက တစ်နိုင်ငံလုံးမှာ ၂၀၂၅-၂၀၂၆ ထိ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း ဘယ်နှမြို့နယ် ဘယ်နှရွာမှာ ငွေ ဘယ်လောက် အကုန်ကျခံပြီး နိုင်ငံတော်က ဆောင်ရွက်ခဲ့သလဲဆိုတာ သိချင်ပါတယ်ခင်ဗျ"

ဘကြီးအောင်တို့အဖွဲ့မှ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက သူသိချင်တာကို ကြားဖြတ်မေးလိုက်ခြင်း ဖြစ်ပါသည်။

"တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ မြို့နယ် ၁၂၀၊ ကျေးရွာ ၁၅၄ ရွာမှာ စီမံကိန်းရန်ပုံငွေကျပ်သန်း ၆၆၆၀ အပါအဝင် ဆက်စပ်ဌာနများ အားလုံး၏ ရန်ပုံငွေစုစုပေါင်းကျပ် ၇၉၅၀၁ ဒသမ ၇၃၇ သန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးထားပါတယ်"

ဒီတစ်ခါတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ဖြေကြားပေးခြင်းဖြစ်သည်။

"နောက်တစ်ခု ကျွန်တော်တို့ သိချင်တာက စီမံကိန်းကျေးရွာတွေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွေးချယ်တာလား။ အဖွဲ့ဖွံ့ဖြိုးရွေးတာရော ရှိပါသလား"

ထို လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းက ထိရောက်မှုရှိသည်။ အရေးပါသည်မို့ ပြောလာမည့်အဖြေကို အားလုံးစောင့်မျှော်နေကြသည်။

"စီမံကိန်းကျေးရွာ ရွေးချယ်တာကို ကျွန်မတို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တစ်ခုတည်းက ရွေးတာမဟုတ်ပါဘူး။ အဖွဲ့ဖွံ့ဖြိုး ရွေးပါတယ်။ အဖွဲ့ထဲမှာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး၊ မြို့နယ် လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်နဲ့ မြို့နယ်အဆင့်ဌာနဆိုင်ရာတွေနဲ့ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တွေက သတ်မှတ်ထားတဲ့စံနှုန်းတွေနဲ့အညီ ရွေးချယ်ပါတယ်။ ပြီးတော့ တိုင်းဒေသကြီး၊ ပြည်နယ်ဟိုကြီးကြပ်မှု ကော်မတီထံက အတည်ပြုချက်တောင်းခံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)ကို တင်ပြရပါတယ်။ ရုံးချုပ်က တစ်ဆင့် ပြည်ထောင်စုအဆင့် ဗဟို ကြီးကြပ်မှုကော်မတီကို တင်ပြ၊ အတည်ပြု ဆောင်ရွက်ရတာ ဖြစ်ပါတယ်"

"ဒီခေတ်မီစံပြကျေးရွာ တည်ဆောက်ခြင်းလုပ်ငန်းကတော့ တကယ့်ကို ကောင်းမွန်တဲ့လုပ်ငန်းပဲ။ တကယ်တော့ ကျေးရွာတွေ ဖွံ့ဖြိုးတိုးတက်မှု မြို့နယ်တွေ၊ ခရိုင်တွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ ဖွံ့ဖြိုးတိုးတက်မှာ။ အဲဒီတော့ ပြီးခဲ့တဲ့ ငါးနှစ်စီမံကိန်းမှာတော့ ခင်ဗျားတို့ ဦးစီးဌာန ဆောင်ရွက်ခဲ့တာတွေက အားရစရာပါ။ လာမယ့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မယ့်၊ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေ ဘယ်လောက်ရှိသလဲ ဆိုတာ သိခွင့်ရရင် သိပါရစေဗျာ"

"အခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှာ ကျွန်မတို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခု၊ ကျေးရွာ ၁၉၈ ရွာမှာ လုပ်ငန်းပေါင်း ၂၄၀၆ ခု ဆောင်ရွက်ဖို့ လျာထားပြီး ဆောင်ရွက်နေပါတယ်။ ကဏ္ဍအလိုက် ဆောင်ရွက်မှုအခြေအနေကတော့ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းတွေဖြစ်တဲ့ လမ်း၊ တံတား၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ ကျေးရွာလျှပ်စစ်မီးရရှိရေး၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ အသိပညာပေးစင်တာ၊ ဒီဂျစ်တယ်အဆောက်အအုံပါ လုပ်ငန်း ၁၃၈ ခု၊ သွင်းအားစုနဲ့ ငွေကြေးဝန်ဆောင်မှု ထောက်ပံ့ခြင်းဖြစ်တဲ့ ကျေးရွာမတည်ငွေ (မြစိမ်းရောင်) ထူထောင်ပေးတာ၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေး သွင်းအားစုထောက်ပံ့တာနဲ့ ကုန်ထုတ် စက်ကိရိယာအပါအဝင် လုပ်ငန်း ၂၄၃ ခု၊ အသက်မွေးဝမ်းကျောင်းနဲ့ ကျေးရွာ စီးပွားမြင့်မားရေးအတွက် စိုက်ပျိုး မွေးမြူရေးလုပ်ငန်း၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်း၊ တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်မှု အပါအဝင် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်ခြင်းလုပ်ငန်းတွေက ၁၆၂ ခု ပါဝင်ပါတယ်။

"ဒါ့အပြင် အသင်းအဖွဲ့တွေ အားကောင်းဖို့နဲ့ နည်းပညာဖြန့်ဖြူးတာက ၄၈၇ ခု၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေဖြစ်တဲ့ ကိုယ်ဝန်ဆောင်၊ သက်ကြီးရွယ်အို၊ မိခင်နဲ့ကလေး၊ မူကြို၊ နေ့ကလေးထိန်း၊ မသန်စွမ်းနဲ့ ထိခိုက် လွယ်အုပ်စုတွေအတွက်က လုပ်ငန်း ၆၃၄ ခု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးလုပ်ငန်းတွေဖြစ်တဲ့ စွန့်ပစ်အမှိုက် စီမံခန့်ခွဲတာ၊ လေထုညစ်ညမ်းမှု လျှော့ချ တာ၊ ထင်းအစားထိုး လောင်စာသုံးစွဲတာ၊ ရေဝေရေလဲဒေသတွေမှာ သစ်ပင်စိုက်ပျိုး တာအပါအဝင် လုပ်ငန်း ၄၄၂ ခု ဖြစ်တာ ကြောင့် စုစုပေါင်း လုပ်ငန်း ၂၄၀၆ ခု အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်"

"ဒီလုပ်ငန်းတွေက တကယ့်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရုံသာမက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ အဓိက အချက်တွေပဲ။ ကဲ - ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေနဲ့ သော်မှော်ကုန်းကျေးရွာသူ ကျေးရွာသားများခင်ဗျား။ ခေတ်မီစံပြကျေးရွာ တစ်ခု ရှိသင့်ရှိထိုက်တဲ့အချက်တွေ ခေတ်မီစံပြကျေးရွာစီမံကိန်း တည်ဆောက်မှုတွေအကြောင်း ကျွန်တော်တို့ အတော်လေးဆွေးနွေးပြီးကြပြီ။ ဒီတော့ သော်မှော်ကုန်း ခေတ်မီစံပြကျေးရွာက ဘာတွေဘယ်လို လုပ်ထားတယ်၊ ဘယ်လောက် စံချိန်မီတယ်ဆိုတာကို လက်တွေ့သိရအောင် ကွင်းဆင်းကြည့်ကြပါစို့"

ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် **"ကျေးလက်ခေတ်မီစံပြကျေးရွာများ"** ကျွန်တော်တို့ တည်ဆောက်ကြရပါမည်။ ။

"တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေနဲ့ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ မြို့နယ် ၁၂၀၊ ကျေးရွာ ၁၅၄ ရွာမှာ စီမံကိန်းရန်ပုံငွေကျပ်သန်း ၆၆၆၀ အပါအဝင် ဆက်စပ်ဌာနများအားလုံး၏ ရန်ပုံငွေစုစုပေါင်းကျပ် ၇၉၅၀၁ ဒသမ ၇၃၇ သန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးထားပါတယ်"

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ လူမှုရေးပင်စင်၊ MCCT ထောက်ပံ့ငွေနှင့် ရေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

ပုသိမ် နိုဝင်ဘာ ၃

လေးမျက်နှာမြို့ ဝဝန်တာထူးပေါက်၍ ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် အိမ်သုံးပစ္စည်းများ ဆုံးရှုံးခဲ့သည့် ပြည်သူများအတွက် AHA Center က ထောက်ပံ့သည့် အမေရိကန်ဒေါ်လာ နှစ်သိန်းသုံးသောင်းတန်ဖိုးရှိ မိသားစုသုံးပစ္စည်းစုံ၊ မီးဖိုချောင်သုံးပစ္စည်းစုံနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းစုံ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဘိုးဘွားရိုးသာများ၊ ပရဟိတကျောင်းများနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများအတွက် ထောက်ပံ့ငွေကျပ် ၄၅၄ ဒသမ ၉၁၂ သန်းနှင့် အသက် ၈၅ နှစ်နှင့်အထက် လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် ၁၆၅၈ ဒသမ ၀၇ သန်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက် ကလေးများအတွက် ထောက်ပံ့ငွေကျပ် ၆၉၇၁ ဒသမ ၁၉ သန်း လွှဲပြောင်းပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်း တွင်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ကိုကိုလွင် တက်ရောက်ပြီး ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်ထံ လွှဲပြောင်းပေးအပ်သည်။ (ယာဝုံ)

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက်ပိုင်းကလည်း ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံ၌ ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဖျာပုံခရိုင် လူမှုဝန်ထမ်း ဦးစီးမှူးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ မေးမြန်းဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးသည်။



ထို့နောက် ပုသိမ်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ရုံးလုပ်ငန်းများလည်ပတ် ဆောင်ရွက်နေမှု၊ ပုသိမ်မြို့ မူလတန်းကြိုကျောင်း၌ မူကြိုကလေးငယ်များ လေ့ကျင့်သင်ကြားပေးနေမှု၊ ချောင်းသာမြို့ရှိ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ဘက်စုံသုံးဘေးဒဏ်ခံအဆောက်အအုံ၊ ဧရာဝတီတိုင်းဒေသကြီး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့်ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံအတွင်း ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကျေးရွာခြောက်ရွာဆက်သွယ်ထားသော ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းပွင့်လှစ်



ဘားအံ နိုဝင်ဘာ ၃

နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျရောက်မည့် (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ဘားအံမြို့နယ် ဘုရားကြီင်–မော်ကူး – ကော့တာ – ကော့ကဓာ – ကော့သကြား–ကော့ယက္ခ ကျေးရွာချင်းဆက်ကွန်ကရစ်လမ်း တစ်ဖိုင် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ လမ်းမှခွဲဦး တည်နေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောခြင့်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကို၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ လမ်းဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်၍ လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါကျေးရွာချင်းဆက်လမ်းသည် စုစုပေါင်း အရှည် ၁၀ မိုင်၃ပြီး ကွန်ကရစ်ခင်းရန် ကျန်ရှိသည့် ခုနစ်မိုင်အနက် ယခု ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း တစ်မိုင်၊ အကျယ် ၁၂ ပေ၊ ထူ ခုနစ်လက်မကို ဆောင်ရွက်ပြီးစီး ဖွင့်လှစ်ခြင်းဖြစ်ပြီး ကျန်ရှိလမ်းပိုင်းများကို ဘဏ္ဍာနှစ်အလိုက် လျာထား ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ချင်းပြည်နယ်ဝန်ကြီးချုပ် ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျန်းမာရေးမှူး–၄ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ

ဟားခါး နိုဝင်ဘာ ၃

ချင်းပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျန်းမာရေးမှူး–၄ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံပွဲကို ယမန်နေ့က ဟားခါးမြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကား ပြောကြားပြီး သင်တန်းသား သင်တန်းသူ ၅၅ ဦးအတွက် ငွေကျပ် ၅၅ သိန်း ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ချမ်းငိမ်မောင်က ကျန်းမာရေးမှူး–၄ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းဖွင့်လှစ်ထားရှိမှုအခြေအနေကို အသေးစိတ်ရှင်းလင်းပြီး ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများ၊ ဟားခါးမြို့မှ ကျန်းမာရေးမှူး–၄ သင်တန်းတက်ရောက်သည့် သင်တန်းသား သင်တန်းသူများနှင့် တီးတိန်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများက လုပ်ငန်းဆိုင်ရာများ တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



မန္တလေးမြို့ နန်းမြို့ရိုးပတ်လည်တွင် အလေ့ကျပေါက်နေသည့် ချုံနွယ်များ၊ ပေါင်းမြက်များ ရှင်းလင်း

မန္တလေး နိုဝင်ဘာ ၃

မန္တလေးမြို့ နန်းမြို့ရိုး ရေရှည် တည်တံ့ ခိုင်မြဲစေရေးအတွက် ပေါက်နေသည့် ချုံနွယ်များ၊ ပေါင်း နန်းမြို့ရိုးပတ်လည်တွင် အလေ့ကျ မြက်ပင်များကို ယနေ့နံနက်ပိုင်းက တပ်မတော်သားများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (မန္တလေးဌာနခွဲ) မှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးကော်မတီမှ လုပ်သားများက စုပေါင်းရှင်းလင်းကြသည်။

ထိုသို့ စုပေါင်းရှင်းလင်းနေမှုကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တပ်နယ်မှူးနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



မအူပင်မြို့၌ တိုက်နယ်မှူးအဆင့် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းဖွင့်လှစ်

မအူပင် နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ အမှုထမ်းအဆင့်ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၆)ဖွင့်ပွဲကို ယနေ့နံနက်က ဓမ္မဂုဏ်ရည် စာသင်တိုက်ရှိ ဓမ္မာရုံတွင်ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မအူပင်၊ ပန်းတနော်၊ ညောင်တုန်းနှင့် ဓနဖြူမြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၂၀ အား သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)



နေပြည်တော်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ငြိမ်းချမ်းသာယာရေး အထူးဆုတောင်းပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ငြိမ်းချမ်းသာယာရေး အထူးဆုတောင်းပွဲ ၂၀၂၆ ကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ Jasmine Hotel ၌ ကျင်းပသည်။ (ယာဝုံ)

ဆုတောင်းပွဲတွင် မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်အဖွဲ့ချုပ်ကြီးများမှ ဆရာတော်များ၊ ဂိုဏ်းပေါင်းစုံမှ ခရစ်ယာန်ဘာသာဝင်များ၊ တိုင်းရင်းသားလူငယ်များ ၇၀၀ ခန့်က ဓမ္မသီချင်းများ စုပေါင်းသီဆိုခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့ပြင် ဆုတောင်းပွဲတွင် မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို၊ အောက်မြန်မာပြည် မက်သဒစ်အသင်းတော် ဂိုဏ်းချုပ် ဆရာတော်ကြီး ဒေါက်တာဦးမြတ်ဆန်းနှင့် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များ ကောင်စီ သာသနာပိုင်ချုပ်ကြီး စတီဗင် သန်းမြင့်ဦးတို့က အမှာစကား ပြောကြားကြပြီး မြန်မာနိုင်ငံ ဇဝဲဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သိက္ခာတော်ရ ဆရာတော် ဒေါက်တာ ဦးအေးမင်းက အဓိမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာရေးအတွက် အထူးဆုတောင်းမေတ္တာ ပို့သပေးကာ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌက သိရသည်။



ကောင်းချီးပေး၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း
သတင်းစဉ်



မဖြေရေလှောင်တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးစဉ်။

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မဖြေရေလှောင်တမံမှ သို့လှောင်ရေများ ဆက်လက်လျှော့ချ၊ ပတ်ဝန်းကျင်ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုပေး

နေပြည်တော် နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မဖြေရေလှောင်တမံ၏ ဆင်ခြေလျှော နိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပြီး ရေလှောင်တမံရေပြင်၏ နိမ့်မြင့် အမှတ် ၃၁၅ ပေမှ သို့လှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ နိုဝင်ဘာ ၃ ရက်နေ့ ညနေပိုင်းတွင် တမံရှိ ရေ ၂၉၅ ဒသမ ၃၀ ပေသာ ကျန်ရှိတော့သဖြင့် ၁၉ ဒသမ ၇၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီး ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် အဆိုပါ တမံဆင်ခြေလျှောနိမ့်ကျမှု ဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ဘုန်းတော်ကြီး ကျောင်းများနှင့် စာသင်ကျောင်းများရှိ ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံ တပ်မတော်သားများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၃

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အဓိမိန်းချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်း လိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့ အထိ ၈၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ် အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၄ လုံးတို့အား ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် (၆) ထပ် အဆောက်အအုံအား ယန္တရားဖြင့် စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

ပျော်ဘွယ်မြို့နယ်၌ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ် အန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

ပျော်ဘွယ် နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်တွင် အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ဖွဲ့သင်းခေတ်မီစံပြကျေးရွာဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဟိန်းက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း မိုးရွာသွန်းမှု မူမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းနှင့် အပူဒဏ်အန္တရာယ် ဖြစ်ပေါ်လာနိုင်သဖြင့် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေး ရေကိုကြိုတင်စုဆောင်းထားရှိရန်နှင့် ရေကိုစနစ်တကျ သုံးစွဲကြရန်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နှင်းပွင့်ဖြူက အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



- ရေချိုစိမ့်စမ်း မခန်းစေဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။
- ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း။



(၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ပြဋ္ဌာန်းစာအုပ်နှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်း

မန္တလေး နိုဝင်ဘာ ၃

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဗဟိုက ကြီးမှူးကျင်းပသော (၃၈) ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း တိုင်းဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ပြဋ္ဌာန်းစာအုပ်များနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က ပြည်ကြီးတံခွန်မြို့နယ် မကွေးကျောင်းတိုက် သုခမာလာဓမ္မဗိမာန်၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယကဥက္ကဋ္ဌ၊ မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ဩဝါဒါစရိယဆရာတော်ဘဒ္ဒန္တဇ္ဈာနာဘမှုပြုသော ဆရာတော်၊ သံဃာတော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်က ဩဝါဒစကားမိန့်ကြားသည်။

ထို့နောက် တာဝန်ရှိသူများက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်နှင့် ဘောပင်များ ပေးအပ်လှူဒါန်းကြကာ YMBA အသင်းသို့လည်း အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

ဘုန်းမြတ်

သမိုင်းဝင်ဖောင်တော်ဦး စေတီတော်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

မိတ္ထီလာ နိုဝင်ဘာ ၃

၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်မည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈) နှစ်မြောက်နှစ်ပတ်လည်နေ့အား ကြိုဆို ဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်က မြို့မရပ်ကွက်ရှိ သမိုင်းဝင် ဖောင်တော်ဦးစေတီတော်တွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးနှင့် ဝန်ထမ်းများက ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေးအတွက် စေတီတော်နှင့် စေတီတော်ရင်ပြင်အနီးရေဖြင့် ဆေးကြောသန့်စင်ခြင်း၊ တံမြက်စည်းလှည်းခြင်း၊ ပရိဝုဏ်အတွင်း/ အပြင်များတွင် သန့်ရှင်းရေးပြုလုပ်ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)



ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။



❖ *ကျောဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏဘူဆက်လက်ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား အမျိုးသမီး စနူကာ 6-Red, စနူကာ 15-Red, 9 Ball Pool နှင့် ဘိလိယက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့သည်။

အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် စနူကာ 15-Red ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး အသင်းမှ ကောင်းဇံထက်က မွန်ပြည်နယ် အသင်းမှ ရဲရင့်မျူးကို ရလဒ်(၃)ပွဲ-(၂)ပွဲဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ နိုင်ဝင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းမှ သန်းဇော်ထွန်းကို ရလဒ်(၃)ပွဲ-(၁)ပွဲဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ညီညီမောင်က ရှမ်းပြည်နယ်အသင်းမှ ကမ္ဘာလင်းကို ရလဒ်(၃)ပွဲ-(၂) ပွဲဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ မာန်ဟိန်းကျော်က ပဲခူးတိုင်းဒေသကြီးအသင်းမှ ငြိမ်းပြည့်ဖြိုးကို ရလဒ်(၃)ပွဲ-(၂)ပွဲဖြင့် လည်းကောင်း၊ စနူကာ 6-Red ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ ကိုကိုချစ်က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်နိုင်စိုးကို ရလဒ်(၄)ပွဲ-(၃)ပွဲဖြင့် လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ သျှံထွန်းအောင်က ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျော်စွာလင်းကို ရလဒ်(၄)ပွဲ-(၂)ပွဲဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ မင်းစည်သူထွန်းက ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ရဲထွဋ်နိုင်ကို ရလဒ်(၄)ပွဲ-(၂)ပွဲဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သူရဇော်က ရှမ်းပြည်နယ်အသင်းမှ ဖီးအီကို ရလဒ်(၄)ပွဲ-(၃)ပွဲဖြင့် လည်းကောင်း၊ 9 Ball Pool ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ စိုင်းကွမ်းမိုင်းက ကချင်ပြည်နယ်အသင်းမှ အောင်ဖြင့်ကို ရလဒ်(၉)ပွဲ-(၇)ပွဲဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ဖြိုးက စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ခန့်မင်းထွန်းကို ရလဒ်(၉)ပွဲ-(၇)ပွဲဖြင့် လည်းကောင်း၊ ဘိလိယက်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျော်စွာဝင်းက ချင်းပြည်နယ်အသင်းမှ ဇော်လင်းနုကို ရလဒ်(၃)ပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ဖြူစင်အောင်က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စန်းစန်းမော်ကို ရလဒ်(၃)ပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အေမိအောင်က ရှမ်းပြည်နယ်အသင်းမှ အေးအေးမြတ်ကို ရလဒ်(၃)ပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ 9 Ball Pool ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ခေါနိဆန်က မကွေးတိုင်းဒေသကြီးအသင်းမှ နွယ်နီလင်းကို ရလဒ်(၅)ပွဲ-(၄)ပွဲဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ ဝင်းမာလာအောင်က ချင်းပြည်နယ်အသင်းမှ တင်မျိုးလှိုင်ကို ရလဒ်(၅)ပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ သက်ဝါဝင်းက ချင်းပြည်နယ်အသင်းမှ ခင်စန်ဒီလွင်ကို ရလဒ် (၅)ပွဲ-(၃)ပွဲဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ သန္တာတိုးအောင်က မကွေးတိုင်းဒေသကြီးအသင်းမှ မေချော်ကို ရလဒ်(၅)ပွဲ-(၄)ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီမှစတင်၍ "တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ" ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစား ဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

❍ *ကျောဖုံးမှ*

အလေးမလေ့ကျင့်ရေးအားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား/အမျိုးသမီး ဝိတ်တန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မ ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသမီး ၇၇ ကီလိုတန်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ နန်းချယ်ရီဖူးက အမြန်မ စုံချိန် ၆၅ ကီလို၊ နှစ်ဆင့်မစုံချိန် ၈၀ ကီလိုနှင့် စုစုပေါင်းစုံချိန် ၁၄၅ ကီလိုဖြင့် ပထမ၊ ရှမ်းပြည်နယ်အသင်းမှ အုပ်ကိုင်းထွမ်းက အမြန်မစုံချိန် ၆၁ ကီလို၊ နှစ်ဆင့်မစုံချိန် ၈၁ ကီလိုနှင့် စုစုပေါင်းစုံချိန် ၁၄၂ ကီလိုဖြင့် ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ မေလွဲလွဲဝင်းလှိုင်က အမြန်မစုံချိန် ၆၀ ကီလို၊ နှစ်ဆင့်မစုံချိန် ၈၁ ကီလိုနှင့် စုစုပေါင်းစုံချိန် ၁၄၁ ကီလိုဖြင့် တတိယရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသား ၇၅ ကီလိုတန်းပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဝေယံဖြိုးက အမြန်မစုံချိန် ၁၀၀ ကီလို၊ နှစ်ဆင့်မစုံချိန် ၁၃၆ ကီလိုနှင့် စုစုပေါင်းစုံချိန် ၂၃၆ ကီလိုဖြင့် ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ရှိုင်းညီညီက အမြန်မစုံချိန် ၁၀၀ ကီလို၊ နှစ်ဆင့်မစုံချိန် ၁၃၅ ကီလိုနှင့် စုစုပေါင်းစုံချိန် ၂၃၅ ကီလိုဖြင့် ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ဧင်မင်းအောင်က အမြန်မစုံချိန် ၉၅ ကီလို၊ နှစ်ဆင့်မစုံချိန် ၁၃၁ ကီလိုနှင့် စုစုပေါင်းစုံချိန် ၂၂၆ ကီလိုဖြင့် တတိယရရှိခဲ့သည်။

ယနေ့ပြိုင်ပွဲ၏ အမျိုးသား ၇၅ ကီလိုတန်း ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဝေယံဖြိုးသည် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး နှစ်ဆင့်မ ပြိုင်ပွဲ၏ စုံချိန် ၁၃၄ ကီလိုထက်ကျော်လွန်၍ ၁၃၆ ကီလိုဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး၏ စုံချိန်သစ်တင်နိုင်ခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲ (အမျိုးသား/အမျိုးသမီး) ကီလိုတန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

✻ *ကျောဖုံးမှ*

ပွဲချိန်ပြည့်ခါနီးတွင် နယူးကာဆယ်အသင်းမှ လူစားဝင် ကွင်းလယ်ကစားသမား ဂျာကော့ရဝ်ဆေး အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ရသည်။ အဲဗာတန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၄၉ မိနစ်တွင် သီယာနိုဘယ်ရီက သွင်းယူပေးခဲ့သည်။

နယူးကာဆယ်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် နောက်ဆုံး ယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစဉ် ငါးပွဲတွင် ရှုံးပွဲလေးပွဲအထိ ရှိလာပြီ ဖြစ်သည်။ ပြိုင်ဘက် အဲဗာတန်အသင်းက ယခုနိုင်ပွဲ ရလဒ်ကြောင့် နောက်ဆုံး နှစ်ပွဲဆက် နိုင်ပွဲရရှိမှုနှင့်အတူ အမှတ်ပေးဇယား အဆင့် ၇ နေရာ အထိ တက်လှမ်းနိုင်ခဲ့သည်။

အောင်ဇော်

❑ *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ၈၁ မိနစ်တွင် မျိုးမင်းခန့်က သွင်းယူပေးခဲ့သည်။ အဆိုပါပွဲစဉ်၏ AYA Pay အကောင်းဆုံးကစားသမားဆုကို ရန်ကုန်စီးတီး နောက်ခံလူ အောင်နိုင်ဝင်းက ရရှိခဲ့သည်။ အဆင့်(၄)နေရာတွင် ရပ်တည်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ယနေ့ရှုံးပွဲကြောင့် အဆင့်(၅)နေရာသို့ တန်းဆင်းခဲ့ရသည်။

တောင်ဒဂုံကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် သစ္စာအားမာန်နှင့် ချင်းလန်းအသင်းပွဲစဉ်တွင် ပွဲချိန်ပြည့်သည်အထိ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ အပတ်စဉ် (၂၂) နောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာ ၄ ရက်တွင် FALCON အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်။

နေမျိုး၊ ဓာတ်ပုံ-ML

❖ *ကျောဖုံးမှ*

အပတ်စဉ်(၁၆) ပွဲစဉ်များအပြီးတွင် Pacific Sun Far နှင့် MIU FC အသင်းတို့က ရမှတ် ၄၃ မှတ်စီဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသည်။ YRG FC ရမှတ် ၄၀၊ YCDC Dream Team ၃၂ မှတ်၊ Gold Dream ရမှတ် ၃၀၊ ULAD FC ၂၇ မှတ်၊ JV FC ရမှတ် ၂၀၊ Royal Noka နှင့် United City ၁၈ မှတ်စီ၊ ရွှေပြည်သာယူနိုက်တက် ရှစ်မှတ်၊ မင်္ဂလာဒုံစီးတီး သုံးမှတ် နှင့် Burmese Warriors အသင်းက တစ်မှတ်ရရှိထားသည်။

နေမျိုး၊ ဓာတ်ပုံ-MFF

ဂျာမနီနှင့် ဖြတ်နိုတို့ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ကတိပြု

ဘာလင် နိုဝင်ဘာ ၃

ဂျာမနီနှင့် ဖြတ်နိုကာကွယ်ရေးဝန်ကြီးများသည် လုံခြုံရေးကဏ္ဍတွင် နှစ်နိုင်ငံအကြား ရင်းနှီးသောဆက်ဆံရေးကို အလေးပေးပြောကြားခဲ့ပြီး စစ်ရေးနှင့်ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်စွာဆောင်ရွက်သွားရန် နိုဝင်ဘာ ၂ ရက်တွင် ကတိပြုခဲ့ကြကြောင်း သိရသည်။

ဂျာမနီကာကွယ်ရေးဝန်ကြီး ဘောရစ် ပစ္စတိုရီးယပ်စ်သည် ဘာလင်မြို့၌ ဖြတ်နိုကာကွယ်ရေးဝန်ကြီး ဝက်စ်စထရီးတင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးသည် ယခင်ကထက် ပိုမိုကောင်းမွန်သည့် အခြေအနေသို့ ရောက်ရှိနေပြီ ဖြစ်ကြောင်းနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့သည်။

နှစ်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် ကာကွယ်ရေးဆိုင်ရာ Trinity House သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပြီး နယ်ပယ်အသီးသီးတွင် ရေရှည်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန် ကတိပြုထားသည်။

ဖြတ်နိုကာကွယ်ရေးဝန်ကြီး ဝက်စ်စထရီးတင်းက ဂျာမနီကာကွယ်ရေးဝန်ကြီး ဘောရစ် ပစ္စတိုရီးယပ်စ်နှင့်အတူ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် စစ်အေးတိုက်ပွဲ ပြီးဆုံးချိန် နောက်ပိုင်း မကြုံစဖူးခြိမ်းခြောက်မှုတစ်ရပ် ပေါ်ပေါက်လာကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံအကြား ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရန်နှင့် မဟာမိတ်ဆက်ဆံရေးကို ပိုမိုခိုင်မာအားကောင်းလာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ဆင်ဟွာ**





အမေရိကန် ကြားဖြတ်ရွေးကောက်ပွဲစတင် လွှတ်တော်ထိန်းချုပ်ခွင့်အတွက် ပြိုင်ဆိုင်မှု ပြင်းထန်

ဝါရှင်တန် နိုဝင်ဘာ ၃

အမေရိကန်နိုင်ငံ၌ ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာ ၃ ရက်က စတင်ကျင်းပလျက်ရှိပြီး နံနက် ၆ နာရီတွင် မိန်း၊ နယူးယောက်နှင့် ဗာဂျီနီးယားပြည်နယ်တို့အပါအဝင် အခြားပြည်နယ်များ၌ မဲရုံများ ဖွင့်လှစ်ခဲ့သည်။ ယခုရွေးကောက်ပွဲသည် ဒွေကြေးဖောင်းပွမှုနှင့် လူနေမှုစရိတ်မြင့်တက်နေချိန်တွင် သမ္မတဒေါနယ်ထရမ့်အစိုးရ၃တိယသက်တမ်းအတွက် အရေးပါသော နိုင်ငံရေးစမ်းသပ်မှုတစ်ရပ် ဖြစ်လာသည်။

ရွေးကောက်ပွဲတွင် အောက်လွှတ်တော်အမတ် ၄၃၅ နေရာ၊ အထက်လွှတ်တော်အမတ် ၃၅ နေရာနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး ၃၆ နေရာ အပါအဝင် ဒေသဆိုင်ရာ ရာထူးနေရာများအတွက် ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ ဒီမိုကရက်ပါတီသည် အောက်လွှတ်တော်ကို ထိန်းချုပ်နိုင်ရေး သုံးနေရာအသာရရှိရန်လိုအပ်ပြီး အထက်လွှတ်တော်အတွက် လေးနေရာ အသာရရန် လိုအပ်သည်။ မိန်း၊ တက္ကဆက်၊ မစ်ရှီဂန်၊ အိုင်အိုဝါ၊ အိုဟိုင်းယိုး၊ ကန်ဆက်နှင့် အလာစကာပြည်နယ်တို့သည် ပြိုင်ဆိုင်မှု အပြင်းထန်ဆုံးနေရာများဖြစ်သည်။

ယခုအချိန်အထိ အမေရိကန်မဲဆန္ဒရှင် ၅၇ သန်းကျော်မှာ ကြိုတင်မဲပေးထားပြီး မဲရုံများပိတ်သိမ်းပြီးနောက် နိုဝင်ဘာ ၃ ရက် ညပိုင်းမှစ၍ မဲရေတွက်မှုများ စတင်မည်ဖြစ်သည်။ အောက်လွှတ်တော်ရွေးကောက်ပွဲရလဒ်ကို ဆောလျင်စွာသိရှိနိုင်ဖွယ်ရှိသော်လည်း အထက်လွှတ်တော်အတွက် အပြိုင်အဆိုင်ပြင်းထန်နေသည့် ပြည်နယ်များဖြစ်သဖြင့် ရလဒ်အပြည့်အစုံထွက်ပေါ်ရန် ရက်အနည်းငယ်မှ ရက်သတ္တပတ်အနည်းငယ်အထိ ကြာမြင့်နိုင်ကြောင်း အမေရိကန်မီဒီယာများက ခန့်မှန်းထားသည်။ **ဆင်ဟွာ**

အိုမန်ကမ်းလွန်ပင်လယ်ပြင်၌ အိန္ဒိယကုန်သွယ်ရေးသင်္ဘော တိုက်ခိုက်ခံရ

နယူးဒေလီ နိုဝင်ဘာ ၃

အိုမန်ကမ်းလွန် ပင်လယ်ပြင်တွင် ကုန်သွယ်ရေး သင်္ဘောတစ်စင်း တိုက်ခိုက်ခံရမှုကြောင့် အိန္ဒိယနိုင်ငံသားတစ်ဦး သေဆုံးခဲ့ပြီး အခြား ၁၃ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၃ ရက်တွင် ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသား ၁၄ ဦး လိုက်ပါလာသည့် MSV AL JUSUFI အမည်ရှိ သင်္ဘောသည် အိုမန်နိုင်ငံ လိမာကမ်းရိုးတန်းအနီး၌ နိုဝင်ဘာ ၂ ရက် ညနေပိုင်းတွင် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ အိုမန်နိုင်ငံရှိ အိန္ဒိယသံရုံးသည် အခြေအနေကို အနီးကပ် စောင့်ကြည့်လျက်ရှိပြီး ကယ်ဆယ်ထားသည့် အိန္ဒိယနိုင်ငံသားများနှင့် သေဆုံးသူ၏ ရုပ်အလောင်းကို နေရပ်သို့အမြန်ဆုံး ပြန်ပို့နိုင်ရေးအတွက် အိုမန်အာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယနိုင်ငံက အဆိုပါ တိုက်ခိုက်မှုကို ရှုတ်ချခဲ့ပြီး ဒေသတွင်း ကုန်သွယ်ရေးသင်္ဘောများ အဆက်မပြတ် တိုက်ခိုက်ခံနေရခြင်းမှာ အလွန် စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ဆင်ဟွာ**

ဟော်မုဇ်ရေလက်ကြားတွင် ရေမြုပ်မိုင်းပေါက်ကွဲမှုကြောင့် ရေနံတင်သင်္ဘောများ မီးလောင်

တီဟီရန် နိုဝင်ဘာ ၃

အီရန်နိုင်ငံပိုင်မီဒီယာများ၏ ဖော်ပြချက်အရ ဟော်မုဇ်ရေလက်ကြားအတွင်း ခွင့်ပြုချက်မရှိသည့် ရေလမ်းကြောင်းမှ ဖြတ်သန်းခဲ့သော ရေနံတင်သင်္ဘောနှစ်စင်းသည် ရေမြုပ်မိုင်းများနှင့် တိုက်မိပေါက်ကွဲခဲ့ကြောင်း သိရသည်။

ထို့အတူ ရေလက်ကြားအရှေ့ဘက်ရှိ ကန့်သတ်နယ်မြေအတွင်း သွားလာနေသည့် အခြားသင်္ဘောတစ်စင်းလည်း ရေမြုပ်မိုင်းနှင့်တိုက်မိပြီး မီးလောင်ခဲ့ကြောင်း သိရသည်။ အီရန်နိုင်ငံပိုင်ရုပ်သံမှ ကိုးရက်အတွင်း စည်းမျဉ်းချိုးဖောက်သည့် ရေနံတင်သင်္ဘော ၁၁ စင်း မီးလောင်ခဲ့ပြီး အချို့နစ်မြုပ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား ကာတာနိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် သတင်းစကားဖလှယ်မှုများ ဆက်လက်ပြုလုပ်နေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အက်စ်မေးလ် ဘာဂါအီက ပြောကြားခဲ့သည်။

ဘာဂါအီက သတ်မှတ်ချက်များပြည့်မီပါက ဟော်မုဇ်ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ပြီး အီရန်က ယခင်အဆိုပြုထားသည့် ခုနစ်ရက်ကြာအစီအစဉ်ကို နှစ်ရက်အတွင်း အကောင်အထည်ဖော်နိုင်ကြောင်း ပြောကြားခဲ့သည်။ သို့သော် အမေရိကန်က ရေကြောင်းပိတ်ဆို့မှုကို ရပ်ဆိုင်းပြီး အီရန်၏တောင်းဆိုချက်များကို ဖြည့်ဆည်းပေးမှသာ ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အမေရိကန်ကြားဖြတ်ရွေးကောက်ပွဲရလဒ်သည် အီရန်၏ မဟာဗျူဟာမူဝါဒများကို ပြောင်းလဲစေမည်မဟုတ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ဥရောပနိုင်ငံများရှိ စူပါမားကတ်များ၏ အအေးပေးစနစ်များ ချွတ်ယွင်း

ဘရပ်ဆဲလ် နိုဝင်ဘာ ၃

ဘယ်လ်ဂျီယံနိုင်ငံနှင့် အခြားဥရောပနိုင်ငံများရှိ စူပါမားကတ်များ၏ ရေခဲသေတ္တာနှင့် အအေးခန်းစနစ်များကို ထိန်းချုပ်သည့် နည်းပညာစနစ်များ ဆိုက်ဘာတိုက်ခိုက်ခံရမှုကြောင့် အအေးခန်းများအတွင်း အပူချိန် မြင့်တက်ခဲ့ခြင်း ရှိ၊ မရှိကို သက်ဆိုင်ရာ အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက် ရှိသည်။

ဘယ်လ်ဂျီယံနိုင်ငံရှိ စူပါမားကတ် လုပ်ငန်းစုများနှင့် သတင်းမီဒီယာများ၏ နိုဝင်ဘာ ၂ ရက် ဖော်ပြချက်များအရ ဆိုက်ဘာတိုက်ခိုက်မှုဟု သံသယရှိသည့် ဖြစ်စဉ်ကြောင့် အချို့ဆိုင်များတွင် အအေးပေးစနစ်များချွတ်ယွင်းခဲ့ပြီး ရေခဲသေတ္တာနှင့် အအေးခန်းများအတွင်း အပူချိန် ရုတ်တရက် မြင့်တက်ခဲ့ပြီး အေးခဲအစားအစာများနှင့် လတ်ဆတ်သောစားသောက်ကုန်များ ပျက်စီးဆုံးရှုံးခဲ့သည်။

အလားတူဖြစ်စဉ်များကို ဆွီဒင်၊ လူဇင်ဘတ်နှင့် အခြားဥရောပနိုင်ငံများတွင်လည်း တွေ့ရှိခဲ့ရပြီး ဆွီဒင်နိုင်ငံရှိ စူပါမားကတ် ဆိုင်ခွဲတစ်ခုတွင် ရေခဲသေတ္တာအတွင်း အပူချိန်သည် ၅၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။ ပြင်သစ်နိုင်ငံတွင်လည်း ပြီးခဲ့သည့်လက ရေခဲသေတ္တာနှင့် အအေးခန်းများကို စီမံထိန်းချုပ်သည့်စနစ်များ ဆိုက်ဘာတိုက်ခိုက်ခံခဲ့ရသည်။

ဂျွမ်းကျင်သူများက စက်ပစ္စည်းများနှင့် အအေးပေးစနစ်များကို အဝေးမှတစ်ဆင့် ထိန်းချုပ်အသုံးပြုမှု ပိုမိုများပြားလာခြင်းသည် ဆိုက်ဘာတိုက်ခိုက်မှုအန္တရာယ်ကို မြင့်တက်စေသည့် အကြောင်းရင်းတစ်ခုဖြစ်ကြောင်း သတိပေးထားသည်။ **အင်န်အိတ်ချ်ကေ**

ဂူဂဲလ်က မလေးရှားနိုင်ငံ ရေအခြေခံအဆောက်အအုံအတွက် ဒေါ်လာ သန်း ၁၆၀ ရင်းနှီးမြှုပ်နှံမည်

ကွာလာလမ်ပူ နိုဝင်ဘာ ၃

ဂူဂဲလ်သည် မလေးရှားနိုင်ငံ နီဂရိုဆမ်ဘီလန်ပြည်နယ်ရှိ ဒေသခံပြည်သူများနှင့် ပို့တဲ့ဒစ်ခ်ဆန်ဖြို့၌ တည်ဆောက်ရန် စီစဉ်ထားသည့် ဒေတာစင်တာလုပ်ငန်းများအတွက် မျှဝေအသုံးပြုနိုင်မည့် ရေအခြေခံအဆောက်အအုံများ တည်ဆောက်ရန် အမေရိကန်ဒေါ်လာ သန်း ၁၆၀ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂ ရက်တွင် ကြေညာခဲ့သည်။ ထို့ပြင် သန့်ရှင်းသောစွမ်းအင်ကဏ္ဍအတွက် ဒေသခံကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရေးအစီအစဉ်များကိုလည်း အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

အဆိုပါ ရောသန့်စင်စက်ရုံသည် တစ်ရက်လျှင် သောက်သုံးရေ လီတာ ၆၅ သန်းအထိ ထုတ်လုပ်ဖြန့်ဖြူးနိုင်မည်ဖြစ်ပြီး Springhill စက်မှုဇုန်ရှိ ဂူဂဲလ်၏ စီစဉ်ထားသော ဒေတာစင်တာစီမံကိန်းအတွက် ရေပေးဝေနိုင်မည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများ အသုံးပြုနိုင်သည့် ရေပမာဏကိုလည်း တိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။ **ဆင်ဟွာ**

ဂျိုဟိုး-စင်ကာပူ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၈ ဘီလီယံ ရှိလာ

စင်ကာပူ နိုဝင်ဘာ ၃

ဂျိုဟိုး-စင်ကာပူ အထူးစီးပွားရေးဇုန် (JS-SEZ) တွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၆ ခုနှစ် ဇွန်လအထိ အတည်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ မလေးရှားရင်းဂစ် ၈၈ ဒသမ ၈၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၈ ဘီလီယံ) ရှိကြောင်း စင်ကာပူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် မလေးရှားစီးပွားရေးဝန်ကြီးဌာနတို့၏ နိုဝင်ဘာ ၂ ရက် ပူးတွဲထုတ်ပြန်ချက်အရ သိရသည်။

အတည်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှုများအနက် ၄၅ ရာခိုင်နှုန်းခန့်ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အတည်ပြုထားသည့် စီမံကိန်းများမှ အလုပ်အကိုင်အခွင့်အလမ်း ၂၈၇၅၅ ခု ပေါ်ပေါက်လာနိုင်ပြီး ယင်းအနက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးသော စီမံကိန်းများနှင့် ဆက်စပ်သည့် အလုပ်အကိုင်အခွင့်အလမ်း ၁၂၇၉၆ ခု ပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**

အိန္ဒိယနိုင်ငံ ဥတ္တရာခန်းပြည်နယ်၌ တောင်တက်ခရီးသွားခုနစ်ဦးနှင့် လမ်းပြတစ်ဦး ပျောက်ဆုံးနေ

နယူးဒေလီ နိုဝင်ဘာ ၃

အိန္ဒိယနိုင်ငံမြောက်ပိုင်း တောင်တန်းဒေသရှိ ဥတ္တရာခန်းပြည်နယ် ကေဒါတာလ်ဒေသ၌ ရာသီဥတုဆိုးရွားမှုနှင့် နှင်းတောင်ပြိုကျမှုကြောင့် တောင်တက်ခရီးသွား ခုနစ်ဦးနှင့် လမ်းပြတစ်ဦး စုစုပေါင်း ရှစ်ဦး ပျောက်ဆုံးနေကြောင်း ဒေသခံတာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၃ ရက်က အတည်ပြုခဲ့သည်။

အဆိုပါအဖွဲ့သည် သုံးရက်ကြာ တောင်တက်ခရီးစဉ်အတွက် အောက်တိုဘာ ၂၇ ရက်က ထွက်ခွာခဲ့ပြီး အောက်တိုဘာ ၂၉ ရက် နှင်းတောင်ပြိုကျမှုအတွင်း ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နှင့်အတူ လိုက်ပါသွားသည့် ပစ္စည်းသယ်ဆောင်သူသုံးဦးနှင့် ထမင်းချက်တစ်ဦးကိုမူ အောက်တိုဘာ ၃၁ ရက်တွင် ကယ်ဆယ်နိုင်ခဲ့သည်။ **ဆင်ဟွာ**



အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

မော်လမြိုင် နိဝင်ဘာ ၃

မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ ဆန်စပါးကုန်သည်များအသင်း၊ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ကြက်သွန်နီလုပ်ငန်းရှင်များအသင်း၊ မုန့်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ ယနေ့တွင် မော်လမြိုင်တက္ကသိုလ်ရှိတက္ကသိုလ်ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ သွားရောက်ရောင်းချပေးသည်။

ထိုသို့ ရောင်းချပေးနေမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့် အတူ ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မော်လမြိုင်တက္ကသိုလ်ရှိ မနော်ဟရီရေကူးကန်နှင့် ကန်ဝန်းကျင်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့တို့က သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ရေကူးကန်ပြန်လည်မွမ်းမံရေးနှင့် ပတ်ဝန်းကျင်သာယာလှပရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့အတူ မော်လမြိုင်တက္ကသိုလ်ဝင်းအတွင်း အပန်းဖြေနှင့် အားကစားစင်တာ (Recreation Centre) အဆောက်အအုံတည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်ကျောင်းသား ကျောင်းသူများ စာပေသင်ကြားရေးအပြင် ကိုယ်ကာယနှင့် စိတ်ဓာတ် ဖွံ့ဖြိုးတိုးတက်ရေး ထိရောက်စွာ အသုံးပြုနိုင်ရန်နှင့် အဆောက်အအုံရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည့် မွန်ပြည်နယ် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

လွိုင်ကော်မြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်

လွိုင်ကော် နိဝင်ဘာ ၃

ကယားပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အောင်မြင်အောင် အရှိန်အဟုန်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်သည် ပြည်နယ်ဝန်ကြီးများနှင့် အတူ အကြမ်းဖက်သမား များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်၍ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ကယားပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး RC နှစ်ထပ်အဆောက်အအုံ ပေ(၄၄ x ၇၀) အကြီးစား ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ လွိုင်ကော် ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး တစ်ထပ်ဆောင် (၄၈ ပေ x၃၆ပေ)တစ်ထပ်အဆောက်အအုံ ပြုပြင်ခြင်းလုပ်ငန်းနှင့် လွိုင်ကော် မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး RC တစ်ထပ် အဆောက်အအုံ အကြီးစားပြင်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်ရန်နှင့် လုပ်ငန်းပြီးစီးပါက ရုံးပရိဘောဂများ စနစ်တကျ ဖြည့်ဆည်း ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လွိုင်ကော်တက္ကသိုလ်အနီး ထေဒုံးလျားရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်း အရှည် ၃၆၈၅ ပေ အား မြေသားလမ်းမှ ကတ္တရာလမ်း ခင်းခြင်းလုပ်ငန်းနှင့် အရည်အသွေး စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက် နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လမ်းဘေးဝဲယာတွင် အရိပ်ရ အပင်များ စနစ်တကျစိုက်ပျိုးရန်နှင့် လမ်းအရည်အသွေးပြည့်မီစေရေး စနစ်တကျ စစ်ဆေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့ပြင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ပြည်နယ်လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့်နောင်ယား (ခ) ရပ်ကွက်၊ အမှတ် (၆)လမ်း၊ သီရိဒေါလမ်းနှင့် ဦးနီလမ်းကြား အရှည် မီတာ ၂၀၀ ၊ အကျယ် ၅ ဒသမ ၅ မီတာ ကတ္တရာကွန်ကရစ် AC လမ်းခင်းခြင်းနှင့် ဝ ဒသမ ၉၁ မီတာအကျယ် မီတာ ၁၀၀ ထူ အမာခံ လမ်းပခုံးခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီအောင် ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိဝင်ဘာ ၃

သမိုင်းစဉ် ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်း မြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့ကြသည့် သူရဲကောင်းများ၊ သူကျွန်မခံ တွန်းလှန်ခဲ့ကြသည့် မျိုးချစ် ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း တွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ် ပေးဆပ်မှုများဖြင့် အားထုတ် ကြိုးပမ်းခဲ့ကြသည့် တပ်မတော် သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များအား မြင်တွေ့ လေ့လာမှုများမှတစ်ဆင့် လူငယ် လူရွယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာပြီး နိုင်ငံ ချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် များ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ် ဆောင်ရွက်ပေးမှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)



သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက် တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြက္ခတ် တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြက္ခတ် တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုပုံများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှု လေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှု ကြသည်။ ထို့နောက် ပြတိုက် တာဝန်ရှိသူများက လာရောက် လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ များအတွက် မုန့်များကို ပေးဝေ ကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်း ပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ များက ပြတိုက်အတွင်း ခင်းကျင်း ပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည် ကြည့်ရှုလေ့လာ၍ သိရှိလိုသည် များကို မေးမြန်းကြရာ ပြခန်း တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာ မှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ ပြုလုပ်ကာ မေးခွန်းများကို မှန်ကန် စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု နှင့် အထူးဆုများအဖြစ် ထမင်း ချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေး ကိရိယာများကို ပေးအပ်ချီးမြှင့် ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတင်းစဉ်

မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် နိဝင်ဘာ ၃

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန် မွန်းတည့်ချိန် အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်း ဒေသကြီးတွင် နေရာအနှံ့ အပြား၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ် တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ (အပိုင်း-၄)

မောင်ပြေ(ဆင်ပေါင်ဝဲ)

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် စာရေးသူ တက်ရောက်ဆွေးနွေးခွင့်ရရှိခဲ့ပါသည်။ ထိုအထဲမှာမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဆက်လက်ရေးသားဆွေးနွေးလိုပါသည်။ နိုင်ငံအချို့တွင် ပဂ္ဂလိကသုတေသနအဖွဲ့အစည်းများက နိုင်ငံတော်လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရသုတေသနအဖွဲ့အစည်းများနှင့်အတူ လက်တွဲဆောင်ရွက်နေပါသည်။ နမူနာကို ရေးသားဆွေးနွေးပါမည်။

ဩစတြေးလျနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးသုတေသနတွင် ပဂ္ဂလိကကဏ္ဍ၏ အခန်းကဏ္ဍ

ဩစတြေးလျနိုင်ငံသည် အစိုးရ၊ တက္ကသိုလ်များ၊ ပဂ္ဂလိကသုတေသနအဖွဲ့အစည်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် စိုက်ပျိုးမွေးမြူရေးသုတေသနစနစ်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

ဩစတြေးလျ၏ စိုက်ပျိုးမွေးမြူရေးသုတေသနကို အစိုးရတစ်ခုတည်းက ငွေကြေးအပြည့်အဝ ထောက်ပံ့ခြင်းမဟုတ်ဘဲ သုတေသန၏သဘောသဘာဝ၊ သုတေသနရလဒ်မှ အကျိုးခံစားရမည့်သူများနှင့် လက်တွေ့အသုံးချနိုင်မှုတို့အပေါ် မူတည်၍ အစိုးရနှင့် ပဂ္ဂလိက ကဏ္ဍတို့က တာဝန်ခွဲဝေယူကြပါသည်။

ဤစနစ်တွင် စိတ်ဝင်စားဖွယ်ကောင်းသော နမူနာတစ်ခုမှာ အသုံးချဥယျာဉ်ခြံသီးနှံ "သုတေသနပဂ္ဂလိကအဖွဲ့ – အဟာ" (Applied Horticultural Research – AHR) ဖြစ်သည်။ ယင်းသည် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် အခြားဥယျာဉ်ခြံသီးနှံများ စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းများအတွက် လက်တွေ့အသုံးချနိုင်သော သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေပါသည်။

သတိပြုရန်မှာ AHR သည် ဆစ်ဒနီတက္ကသိုလ် (University of Sydney)၏ ဌာနတစ်ခုမျှသာ မဟုတ်ဘဲ သီးခြားရပ်တည်သော သုတေသနအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ သို့သော် AHR ကဲ့သို့သော အဖွဲ့အစည်းများသည် တက္ကသိုလ်များ၊ အစိုးရသုတေသနဌာနများနှင့် လုပ်ငန်းရှင်များ ပူးပေါင်း၍ သုတေသနစီမံကိန်းများကို ဆောင်ရွက်နိုင်ကြပါသည်။



အသုံးချဥယျာဉ်ခြံသီးနှံများသုတေသနပဂ္ဂလိကအဖွဲ့ (အဟာ)။

(က) စိုက်ပျိုးမွေးမြူရေးသုတေသနတွင် ပဂ္ဂလိကကဏ္ဍ ပါဝင်ရန် အရေးကြီးမှုများ

၁။ တောင်သူများ၏ လက်တွေ့ပြဿနာများကို ဖြေရှင်းပေးနိုင်ခြင်း။ ပဂ္ဂလိက သုတေသနအဖွဲ့များသည် တောင်သူများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် နီးကပ်စွာ ပူးပေါင်းလုပ်ကိုင်ကြသည်။ သီးနှံရောဂါများ၊ လုပ်သားရှားပါးမှု၊ ဆည်ရေသုံးစွဲမှု ထိရောက်ရေး၊ ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုနှင့် စျေးကွက်အရည်အသွေး စသည့်ပြဿနာများကို ဖြေရှင်းရန် သုတေသနပြုနိုင်ကြပါသည်။

၂။ သုတေသနလုပ်ငန်းများကို လက်တွေ့အသုံးချနိုင်ရန် မြန်ဆန်စေခြင်း။ ပဂ္ဂလိက သုတေသနအဖွဲ့များသည် သုတေသနတွေ့ရှိချက်များကို လယ်ယာလုပ်ငန်းတွင် အသုံးပြုနိုင်သည့် နည်းပညာများ၊ စိုက်ပျိုးနည်းစနစ်များ၊ ထုတ်ကုန်အသစ်များနှင့် ဝန်ဆောင်မှုများအဖြစ် ပြောင်းလဲဖော်ဆောင်ရန် ဦးစားပေးအလေးထားကြသည်။

၃။ သုတေသနရန်ပုံငွေအရင်းအမြစ်များ တိုးပွားလာစေခြင်း။ ပဂ္ဂလိကကုမ္ပဏီများနှင့် လုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များသည် ငွေကြေးအပြင် စက်ကိရိယာများ၊ လယ်ယာစမ်းသပ်ကွင်းများ၊ နည်းပညာကျွမ်းကျင်သူများ၊ အချက်အလက်များနှင့် အခြားအရင်းအမြစ်များကို ပံ့ပိုးပေးနိုင်ကြသည်။

၄။ သုတေသနနှင့် တောင်သူပညာပေးလုပ်ငန်းများအကြား ချိတ်ဆက်ပေးခြင်း။ သုတေသနရလဒ်များကို လယ်ကွင်းသရုပ်ပြပွဲများ၊ တောင်သူသင်တန်းများ၊ နည်းပညာဆွေးနွေးပွဲများနှင့် လက်တွေ့စမ်းသပ်မှုများမှတစ်ဆင့် တောင်သူများထံ ဖြန့်ဝေပေးနိုင်ပါသည်။ အဓိကသဘောတရားမှာ သုတေသနသည် သိပ္ပံဆိုင်ရာရလဒ်များ စာတမ်းဖတ်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းဖြင့်သာ မပြီးဆုံးဘဲ လယ်ယာထုတ်လုပ်မှု တိုးတက်ရေး၊ အမြတ်အစွန်းတိုးပွားရေး၊ ရေရှည်တည်တံ့ရေးနှင့် စျေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရေးတို့ကိုပါ အထောက်အကူပြုရမည်ဟူသော အချက်ဖြစ်

> **"သုတေသနရလဒ်များကို လယ်ကွင်းသရုပ်ပြပွဲများ၊ တောင်သူသင်တန်းများ၊ နည်းပညာဆွေးနွေးပွဲများနှင့် လက်တွေ့စမ်းသပ်မှုများမှတစ်ဆင့် တောင်သူများထံ ဖြန့်ဝေပေးနိုင်ပါသည်။ အဓိကသဘောတရားမှာ သုတေသနသည် သိပ္ပံဆိုင်ရာရလဒ်များ စာတမ်းဖတ်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းဖြင့်သာ မပြီးဆုံးဘဲ လယ်ယာထုတ်လုပ်မှု တိုးတက်ရေး၊ အမြတ်အစွန်းတိုးပွားရေး၊ ရေရှည်တည်တံ့ရေးနှင့် စျေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရေးတို့ကိုပါ အထောက်အကူပြုရမည်ဟူသော အချက်ဖြစ်"**

ဤကွာခြားချက်များသည် ယေဘုယျသဘောသာဖြစ်ပြီး အပြတ်အသတ် ခွဲခြားထားခြင်း မဟုတ်ပါ။ တက္ကသိုလ်များလည်း စီးပွားဖြစ်အသုံးချနိုင်သော သုတေသနများ ဆောင်ရွက်နိုင်သကဲ့သို့ ပဂ္ဂလိကသုတေသနအဖွဲ့များလည်း သိပ္ပံနည်းကျ တိကျခိုင်မာသော သုတေသနများ ဆောင်ရွက်နိုင်ကြပါသည်။

(ခ) ဩစတြေးလျနိုင်ငံ၏ စိုက်ပျိုးရေးသုတေသန ရန်ပုံငွေစနစ်

ဩစတြေးလျတွင် သုတေသနရန်ပုံငွေကို အဖွဲ့အစည်းတစ်ခုတည်းထံမှ ရယူခြင်းမဟုတ်ဘဲ အောက်ပါအဖွဲ့အစည်းများက ပူးပေါင်းထောက်ပံ့ကြသည်–

(ခ-၁) ရန်ပုံငွေမျှဝေခြင်း၊ သုတေသနဆောင်ရွက်ခြင်းနှင့် လက်တွေ့အသုံးချခြင်း

အစိုးရ။ အများပြည်သူအကျိုးပြု သုတေသန၊ မူဝါဒချမှတ်ခြင်း၊ ဇီဝလုံခြုံရေးနှင့် သုတေသနဥစ္စာစီးပေးကဏ္ဍများကို ထောက်ပံ့သည်။

ပုဂ္ဂလိကကဏ္ဍ။ မျိုးစေ့၊ ဓာတ်မြေဩဇာ၊ စက်ကိရိယာ၊ နည်းပညာ၊ စီးပွားဖြစ်သုတေသနနှင့် ထုတ်ကုန်ဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်သည်။

တက္ကသိုလ်များနှင့် ကွန်မွန်းဝဲလ်သဗျိသိပ္ပံနှင့်နည်းပညာသုတေသနအဖွဲ့ (CSIRO – Commonwealth Scientific and Industrial Research Organization)။ အခြေခံသိပ္ပံ၊ အသုံးချသုတေသန၊ ကျွမ်းကျင်သူလေ့ကျင့်ရေးနှင့် သုတေသနပူးပေါင်းမှုများ ဆောင်ရွက်ပါသည်။

တောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ။ သုတေသနဦးစားပေးကိစ္စများ သတ်မှတ်ခြင်း၊ လုပ်ငန်းဆိုင်ရာ အခကြေးငွေထည့်ဝင်ခြင်း၊ စမ်းသပ်ကွင်းများပံ့ပိုးခြင်းနှင့် နည်းပညာအသုံးပြုခြင်းတို့ကို ဆောင်ရွက်ပါသည်။

(ခ-၂) သုတေသနနှင့် ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းများ

ပဂ္ဂလိကလုပ်ငန်းကဏ္ဍမှ ထည့်ဝင်ငွေနှင့် အစိုးရ၏ ပူးတွဲရန်ပုံငွေကို ချိတ်ဆက်ပေးသည့် အရေးကြီးသော အဖွဲ့အစည်းများဖြစ်ပါသည်၊ သုတေသန → ဖွံ့ဖြိုးရေး → တောင်သူပညာပေးရေး → လက်တွေ့အသုံးချရေး

တောင်သူများနှင့် လုပ်ငန်းရှင်များအတွက် အသုံးဝင်သော နည်းပညာနှင့် အသိပညာများ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ပါသည်။

သုတေသနနှင့် ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းများ၏ အရေးပါမှု

ဩစတြေးလျတွင် ကော်ပိုရေးရှင်း(RDC) စုစုပေါင်း ၁၅ ခုရှိပြီး ယင်းတို့အနက် အစိုးရဥပဒေအရ ဖွဲ့စည်းထားသောအဖွဲ့ ငါးခုနှင့်

AHR က ဆောင်ရွက်သော သုတေသနအချို့

သုတေသနနယ်ပယ်	လက်တွေ့ဆောင်ရွက်သည့် လုပ်ငန်းဥပမာများ
သီးနှံထုတ်လုပ်မှု	သီးနှံကြီးထွားမှု၊ အထွက်နှုန်းနှင့် ထုတ်လုပ်မှုထိရောက်ရေး တိုးတက်စေခြင်း
မြေဆီလွှာကျန်းမာရေး	မြေဆီလွှာစီမံခန့်ခွဲမှု နည်းလမ်းကောင်းများ ဖော်ထုတ်ခြင်း
အပင်အာဟာရ	ဓာတ်မြေဩဇာအသုံးပြုမှုနှင့် အာဟာရစီမံခန့်ခွဲမှုကို အကောင်းဆုံးဖြစ်စေခြင်း
ဆည်ရေစီမံခန့်ခွဲမှု	ရေပေးချိန်နှင့် ရေသုံးစွဲမှုထိရောက်ရေး တိုးတက်စေခြင်း
ပိုးမွှားနှင့် ရောဂါကာကွယ်ရေး	ပေါင်းစည်းပိုးမွှားစီမံခန့်ခွဲမှု (IPM) နည်းလမ်းများ စမ်းသပ်ခြင်း
ရိတ်သိမ်းပြီးနောက် စီမံခန့်ခွဲမှု	ထုတ်ကုန်အရည်အသွေး ထိန်းသိမ်းပြီး ဆုံးရှုံးမှုလျော့ချခြင်း
ဒီဂျစ်တယ်စိုက်ပျိုးရေး	AI နှင့် ဒေတာနည်းပညာများကို အသုံးပြု၍ ပေါင်းပင်စီမံခန့်ခွဲခြင်း
တောင်သူပညာပေးခြင်း	သရုပ်ပြပွဲများ၊ နည်းပညာစာစောင်များနှင့် သင်တန်းများမှတစ်ဆင့် အသိပညာဖြန့်ဝေခြင်း

AHR၏သုတေသနလုပ်ငန်းများတွင် ထောပတ်သီးစိုက်ခင်းရေပေးစနစ်၊ အာလူးစိုက်ပျိုးမှုတွင် စက်ကိရိယာအသုံးပြုခြင်း၊ ဉာဏ်ရည်တု(AI) ဖြင့် ပေါင်းပင်စီမံခန့်ခွဲခြင်းနှင့် သီးနှံရောဂါသုတေသနတို့ ပါဝင်ခဲ့သည်။

လုပ်ငန်းကဏ္ဍပိုင် အဖွဲ့ ၁၀ ခု ပါဝင်သည်။ ယင်းတို့သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်းနှင့် သစ်တောလုပ်ငန်းများအတွက် သုတေသန၊ ဖွံ့ဖြိုးရေးနှင့် တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးပေးကြသည်။

AHR ပဂ္ဂလိကသုတေသနနှင့် တက္ကသိုလ်သုတေသနတို့၏ ကွာခြားချက်

တက္ကသိုလ်သုတေသန	AHR ကဲ့သို့သော ပဂ္ဂလိကသုတေသနအဖွဲ့
အခြေခံသိပ္ပံနှင့် အသုံးချသုတေသန နှစ်မျိုးလုံး ဆောင်ရွက်သည်။	လုပ်ငန်းလိုအပ်ချက်နှင့် လက်တွေ့အသုံးချမှုကို အလေးထားလေ့ရှိသည်။
ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ပါရဂူဘွဲ့ သင်ကြားလေ့ကျင့်ပေးသည်။	လုပ်ငန်းလိုအပ်ချက်အလိုက် သုတေသနဝန်ဆောင်မှုနှင့် နည်းပညာသင်တန်းများ ပေးနိုင်သည်။
ရေရှည်သိပ္ပံပညာတိုးတက်ရေးကို အလေးထားသည်။	သုတေသနရလဒ်ကို လယ်ယာလုပ်ငန်းတွင် အသုံးချနိုင်ရန် အလေးထားလေ့ရှိသည်။
သုတေသနထောက်ပံ့ကြေးနှင့် ပြိုင်ဆိုင်လျှောက်ထားရသော ရန်ပုံငွေများ ရရှိနိုင်သည်။	လုပ်ငန်းရှင်များ၊ အစိုးရအစီအစဉ်များနှင့် သုတေသနဝန်ဆောင်မှု ဝယ်ယူသူများထံမှ ရန်ပုံငွေရရှိနိုင်သည်။
ပညာရေး၊ သိပ္ပံဆိုင်ရာ ထုတ်ဝေမှုနှင့် သုတေသန လေ့ကျင့်မှုကို အလေးထားသည်။	တောင်သူများအတွက် အသုံးဝင်မှု၊ နည်းပညာ လက်ခံအသုံးပြုမှုနှင့် လက်တွေ့ရလဒ်များကိုလည်း အလေးထားသည်။

စာမျက်နှာ ၁၇ သို့

ကွမ်းခြံချောင်း ခေတ်မီစံပြကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းပြီးစီး

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် တပင်ဒူကျေးရွာအုပ်စု ကွမ်းခြံချောင်းခေတ်မီစံပြကျေးရွာတွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်သည့် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုကို နိုဝင်ဘာ ၁ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များအား ကျေးရွာဘက်စုံသုံးခန်းမကို တန်ဖိုးထားအကျိုးရှိစွာ သုံးစွဲကြရန်၊ ရေရှည်အသုံးပြုနိုင်ရန်အတွက် လည်ပတ်ပြုပြင် ထိန်းသိမ်းနည်းများအား အကြံပြုပြောကြားခဲ့သည်။



ကွမ်းခြံချောင်း ခေတ်မီစံပြကျေးရွာ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းသည် အရှည်ပေ ၄၀၊ အကျယ် ၁၀ ပေ၊ အမြင့်ပေ ၂၀ ဖြစ်ပြီး ခေတ်မီစံပြကျေးရွာထူထောင်ရေးရန်ပုံငွေကျပ် ၁၉၉ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၃၆ သိန်း စုစုပေါင်းရန်ပုံငွေကျပ် ၄၃၅ သိန်းဖြင့် စက်တင်ဘာလ တတိယအပတ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်သဖြင့် ကျေးရွာရှိ အိမ်ထောင်စု ၄၁၇ လူဦးရေ ၁၈၉၁ ဦးတို့သည် အဆိုပါကျေးရွာဘက်စုံသုံးခန်းမကို အသုံးပြု၍ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

တေဇာလင်း

မြောက်ဥက္ကလာပမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်



ရန်ကုန် နိုဝင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်ပွဲကို ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးသူက သင်တန်းသားများအား တူညီဝတ်စုံများ ထောက်ပံ့ပေးသည်။ အဆိုပါသင်တန်းကို သင်တန်းသား ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂ ရက်မှ ၂၇ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်သည်။

သက်လွင်စိုး(ပြန်/ဆက်)

တမူးမြို့၌ လူမှုရေးပင်စင် အကျိုးခံစားခွင့်ထောက်ပံ့

တမူး နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသည့် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေများ ထုတ်ပေးခြင်းကို ယနေ့ နံနက်ပိုင်းက တမူးမြို့မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ဆောင်ရွက်ခဲ့ရာ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ် ပထမ သုံးလပတ်နှင့် ဒုတိယသုံးလပတ် (ဇွန်လမှ စက်တင်ဘာလ) အထိ သက်ကြီးဘိုးဘွား ၇၁ ဦးတို့အား လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသည့် ထောက်ပံ့ကြေးငွေများထုတ်ပေးရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကို၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဒေတွဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊



ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက လူမှုရေးပင်စင်လာရောက်ထုတ်ယူကြသည့် သက်ကြီးဘိုးဘွားများအား ကြည့်ရှုအားပေးခဲ့ပြီး အာဟာရမုန့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရတနာ(တမူး)

(၃-၁၁-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၅၅.၃ ~ ၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၇,၃၅၁,၈၂၉.၈၀	၂,၁၀၂,၂၅၈.၂၀	၂၂,၃၄၆,၉၂၁.၇၇	

အယ်လ်နီညိုကာလ ရေပြတ်လပ်မှုမရှိစေရေး အသိပညာပေး

လားရှိုး နိုဝင်ဘာ ၃

လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်း အယ်လ်နီညိုဖြစ်စဉ်ကာလ ရေပြတ်လပ်မှုမဖြစ်ပေါ်စေရေး အသိပေးနှိုးဆော်ခြင်း၊ ပညာပေးခြင်းကို ယနေ့တွင် ဟူးမွန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ရာ မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်နှင့် အင်ဂျင်နီယာအဖွဲ့က ဆောင်ရွက်ပေးကြသည်။ အသိပညာပေးခြင်းကို ဟူးမွန်ကျေးရွာ၊ ဟတ်ကာကျေးရွာ၊ ဂျမိုင်ကျေးရွာ၊ မန်နားရှမ်းကျေးရွာ၊ မန်နားကိုးကန့်ကျေးရွာနှင့် ခေးခမ်းကျေးရွာတို့မှ တာဝန်ခံများနှင့် ဒေသခံများ တက်ရောက်ကြသည်။ ဆက်လက်၍ လက်ရှိအသုံးပြုလျက်ရှိသည့် ရေထွက်နေရာများအား ရေပြတ်လပ်မှုမရှိစေရေးကြည့်ရှုစစ်ဆေးပေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)



မင်းဘူး(စကု)မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး

မင်းဘူး နိုဝင်ဘာ ၃

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ အခွန်ထမ်းလုပ်ငန်းရှင်များအား အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဟိုနှင့် မြို့နယ်အခွန်ဦးစီးမှူး ဦးထွန်းအောင်ကျော်တို့က အခွန်ဆိုင်ရာ အသိပညာများနှင့် ဘဏ္ဍာနှစ်လိုက် အခွန်ကောက်ခံရန် လျာထားမှုနှင့် အခွန်ကောက်ခံရရှိမှုများ၊ အခွန်ထမ်းပျက်ကွက်သူများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစစ်ဆောင်ရွက်ရေး စသည်တို့ကို အသိပညာပေးရှင်းလင်းသည်။ အဆိုပါဆွေးနွေးပွဲသို့ အခွန်ထမ်းလုပ်ငန်းရှင် ၁၃၀ တက်ရောက်ခဲ့သည်။

မောင်မောင်(မင်းဘူး)



သွားတိုက်နေစဉ်အတွင်း
ဘုံဘိုင်ခေါင်းကို ဖွင့်မထားဘဲ
ပိတ်ထားသင့်သည်။

စာမျက်နှာ ၁၆ မှ

ဥပမာများမှာ – Hort Innovation — ဥယျာဉ်ခြံသီးနှံလုပ်ငန်းများအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့။ Grains Research and Development Corporation (GRDC) — ကောက်ပဲသီးနှံလုပ်ငန်းများအတွက် သုတေသနအဖွဲ့။ Cotton Research and Development Corporation (CRDC) — ဝါဖိုက်ဗျိုးရေးသုတေသနအဖွဲ့။ Meat & Livestock Australia (MLA) — အသားနှင့် မွေးမြူရေးလုပ်ငန်းဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့။

တောင်သူတစ်ဦးချင်းစီသည် ကြီးမားသောသုတေသနလုပ်ငန်းများအတွက် ငွေကြေးအလှူအလောက် မထည့်ဝင်နိုင်သည့် အခြေအနေများရှိသည်။ RDC များက လုပ်ငန်းကဏ္ဍတစ်ခုလုံးမှ ရန်ပုံငွေများကို စုပေါင်းအသုံးပြုခြင်းဖြင့် တောင်သူအများအပြား အကျိုးခံစားနိုင်သော သုတေသနများ ဆောင်ရွက်နိုင်စေပါသည်။

(ဂ) ဩစတြေးလျနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးသုတေသနအတွက် ငွေကြေးသုံးစွဲမှု

ဩစတြေးလျအစိုးရ၏ စိုက်ပျိုးမွေးမြူရေး၊ ငါးလုပ်ငန်းနှင့် သစ်တောရေးရာဌာနနှင့် ဩစတြေးလျစိုက်ပျိုးမွေးမြူရေး၊ စီးပွားရေးအရင်းအမြစ်နှင့် သိပ္ပံပဏ္ဍိုရှိ တို့၏ ၂၀၂၄–၂၀၂၅ ခုနှစ်ဆိုင်ရာ အစီရင်ခံစာတွင် စိုက်ပျိုးရေးသုတေသနနှင့် ဖွံ့ဖြိုးရေးရင်းနှီးမြှုပ်နှံမှုကို အောက်ပါအတိုင်း ဖော်ပြထားပါသည်–

ဩစတြေးလျနိုင်ငံ စိုက်ပျိုးရေးသုတေသန အသုံးစရိတ်၊ ၂၀၂၄–၂၀၂၅

ဩစတြေးလျဒေါ်လာ (AUD) ဖြင့် ဖော်ပြထားသော ခန့်မှန်းအသုံးစရိတ်ဖြစ်ပါသည်။

ပဂ္ဂလိကကဏ္ဍ – ဩစတြေးလျ ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ (A$1.3 Billion)

အစိုးရကဏ္ဍ – ဩစတြေးလျဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ (A$1.2 Billion)

အထက်ပါပမာဏများသည် ခန့်မှန်းတန်ဖိုးများဖြစ်ပြီး ကဏ္ဍအားလုံး၏ အသုံးစရိတ်ကို အပြည့်အစုံခွဲခြားဖော်ပြထားခြင်း မဟုတ်ပါ။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ ဩစတြေးလျဒေါ်လာ ၃ ဘီလီယံ (A$3.0) ခန့် ဖြစ်ပါသည်။ အစိုးရပဂ္ဂလိက တစ်ဝက်စီ ၅၀ ရာခိုင်နှုန်း ခန့်စီ ရှိပါသည်။

စာရေးသူအတွေး

စာရေးသူတို့နိုင်ငံတွင် ပဂ္ဂလိကကဏ္ဍမှ အောင်မြင်နေသော လုပ်ငန်းအချို့မှာ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်လုပ်ငန်း၊ အဝေးပြေးယာဉ်များ စသည့်လုပ်ငန်းများမှာ သုံးစွဲသူအကြိုက် ဝန်ဆောင်မှုပေး၍ အပြိုင်အဆိုင် သူ့ထက်ငါကောင်းအောင် ဆောင်ရွက်နေကြသော နမူနာကောင်းများဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေး သုတေသနလုပ်ငန်းများကိုလည်း အစိုးရ၊ သုတေသနဌာန၊ တက္ကသိုလ်များနှင့်အတူ ပဂ္ဂလိကအဖွဲ့အစည်း၊ သင်တန်းကျောင်း၊ တက္ကသိုလ် စသည်တို့မှ တစ်ဖက်တစ်လမ်း ကူညီဆောင်ရွက်ပေးလျှင် ကော။

{နှစ် ၁၀၀ ကျော်သက်တမ်းရှိ ဂျပန်နိုင်ငံ တိုကျိုပုဂ္ဂလိက စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် (TUA – Tokyo University of Agriculture) မှ ဆောင်ရွက်နေသော သုတေသန၊ သင်ကြားရေး လုပ်ငန်းများ အကြောင်း ဆက်ရေးပါဦးမည်။}

■

လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

လယ်ဝေး နိုဝင်ဘာ ၃

လယ်ဝေးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခြင်းကို နိုဝင်ဘာ ၁ ရက်က နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန



အုပ်ချုပ်ရေးမှူး ဦးသန်းဆွေဝင်းနှင့် တာဝန်ရှိသူများသည် သက်ကယ်ချင်းကျေးရွာတွင် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် အုပ်စုအုပ်ချုပ်ရေးမှူးရုံး ဆောက်လုပ်နေမှု၊ လယ်ဝေးမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအတွင်းရှိ အလံတိုင်ကွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ပေ (၅၅ x ၄၀) နှစ်ခန်းတွဲ သုံးထပ် RC ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှုများကို အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေး ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ရေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်အောင်မြို့နယ် နတ်စင်ကွင်းကျေးရွာတွင်းလမ်း ကွန်ကရစ်ပေါင်စီချောင်းကျောက်ခင်းခြင်း ရာနှုန်းပြည့်ပြီးစီး

မြန်အောင် နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး မြန်အောင် ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် နတ်စင်ကွင်းကျေးရွာတွင်းလမ်း ကွန်ကရစ်ပေါင်စီချောင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂ ရက်က ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး



ဦးမောင်တင်အောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။

နတ်စင်ကွင်း ကျေးရွာတွင်းလမ်းအရှည် ၈၀၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ပေါင်စီ ချောင်းကျောက်ခင်းခြင်း လုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၅ သိန်း စုစုပေါင်းငွေကျပ် ၁၉၅ သိန်းဖြင့် ဩဂုတ် ၂၇ရက်ကစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **အထွေး**

ဇလွန်မြို့နယ်၌ ရေအရင်းအမြစ်များအား စစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ဇလွန် နိုဝင်ဘာ ၃

ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်အိုင်ကြီးကျေးရွာ၌ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ကျေးရွာရှိ ရေအရင်းအမြစ်များအား စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို နိုဝင်ဘာ ၂ ရက်က အဆိုပါကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မေမျိုးဟန်က အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် အပူချိန်မြင့်တက်ခြင်းနှင့် ရေအရင်းအမြစ်များ လျော့နည်းလာနိုင်ခြင်းတို့ဖြစ်ပေါ်နိုင်သဖြင့် ရေကို လေလွင့်မှုမရှိအောင် စနစ်တကျ သုံးစွဲကြရန်၊ ရေအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန်၊ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေကို ကြိုတင်စုဆောင်းထားရှိရန်နှင့် အယ်လ်နီညို အပူဒဏ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊



ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာရှိ ရေလှောင်ကန်များအတွင်း ရေစုဆောင်းထားရှိမှု အခြေအနေနှင့် ရေအရင်းအမြစ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **နေသူ**

ဝမ်းတွင်းမြို့နယ်၌ အယ်လ်နီညို အပူဒဏ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

ဝမ်းတွင်း နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုအပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဝမ်းတွင်း



မြို့နယ် နတ်ကန်(အရှေ့) ကျေးရွာနှင့် ထန်းပင်ကုန်းကျေးရွာရှိ နွေစားနွားမွေးမြူထားသည့် လုပ်ငန်းနေရာများသို့ သွားရောက်၍ အသိပညာပေးခြင်းကို ယနေ့နှံ့နက်က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းဇော်က အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် မွေးမြူရေးကဏ္ဍ အပေါ် အကျိုးသက်ရောက်နိုင်မှုများ၊ ရေနှင့်အစာကို ကြိုတင်သိလှောင်ထားရှိရန်၊ ရောဂါကို ကြိုတင်ကာကွယ်ရန်၊ မွေးမြူရေးခြံ ဇီဝလုံခြုံမှုအား စနစ်တကျ ဆောင်ရွက်ရန်နှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အသိပညာပေး စာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဆက်လူ**

ရေသည် အသက် ရေအသက် တစ်မနက် မြေအောက်ရေကို ထိန်းသိမ်းပါ

သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကို စုဆောင်းသိုလှောင်ပြီး ရွေတာရာ ရောက်သည့်အတွက် ရေရှည် တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါ။





လပွတ္တာမြို့၌ တိုက်နယ်မှူးအဆင့် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲကျင်းပ

လပွတ္တာ နိုဝင်ဘာ ၃

လပွတ္တာခရိုင်၌ တိုက်နယ်မှူးအဆင့် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အစိုးရစက်မှုလက်မှ ပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနဦးစီးမှူး ဒေါ်ပပဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ လပွတ္တာနှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့မှ သင်တန်းသား ၁၂ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



အောင်လံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်း ဆွေးနွေး

အောင်လံ နိုဝင်ဘာ ၃

အောင်လံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အောင်လံမြို့နယ် အခွန်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှလွန်နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးတို့က ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသော ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်ဆိုင်ရာကိစ္စရပ်များ ပညာပေးရှင်းလင်းခြင်းနှင့် အခွန်ထမ်းဆောင်ရန် ပျက်ကွက်သူများထံမှ ရသင့် ရထိုက်သောအခွန်များ ရရှိစေရေး M-TRACES စနစ်ကို အသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**



လွိုင်လင်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

လွိုင်လင် နိုဝင်ဘာ ၃

လွိုင်လင်မြို့ ခရိုင်မီးသတ်ဦးစီးမှူးရုံးတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၂၆) ဖွင့်ပွဲကို နိုဝင်ဘာ ၂ ရက်က အဆိုပါရုံးသင်တန်းခန်းမ၌ ပြုလုပ်ရာ လွိုင်လင်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်အောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။ ထို့နောက် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြတ်သူက အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဝတ်စုံများပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ပြီး သင်တန်းကို နိုဝင်ဘာ ၂၇ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **လွိုင်လင်မိုး**

ကော့သောင်းမြို့ FOB စစ်ဆေးရေးစခန်း၌ ရေထွက်ကုန်များ စနစ်တကျစစ်ဆေးပေးလျက်ရှိ

ကော့သောင်း နိုဝင်ဘာ ၃

တနင်္သာရီတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဦးမောင်ကြီးသည် ကော့သောင်းခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့ FOB စစ်ဆေးရေးစခန်း၌ ရေထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့မည့် ငါးသယ်ရေယာဉ်များနှင့် ရေထွက်ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကော့သောင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ FOB ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကော့သောင်းခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ရေထွက်ကုန်ပစ္စည်းတင်ပို့သည့် ကုမ္ပဏီ/လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ရေထွက်ကုန်ပစ္စည်းများကို ဥပဒေ၊ အမိန့်ညွှန်ကြားချက်များ၊ FOB စစ်ဆေးရေးအဖွဲ့၏ SOP အတိုင်း စစ်ဆေးလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် ပြောကြား၍ ကုမ္ပဏီ/လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



ဒက္ခိဏာသီရိမြို့နယ်၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၃

နေပြည်တော် ဒက္ခိဏာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လဲ့လဲ့ဝါနှင့် မြို့နယ်ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ကျွဲတဲကျေးရွာ၊ ရွှေခဲအင်းကျေးရွာနှင့် ရဲဒီကျေးရွာတို့၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး လက်ရှိရေလှောင်ကန်များအတွင်း ရေစုဆောင်းထားရှိမှု အခြေအနေများ၊ ဌာနမှ ဆောင်ရွက်ခဲ့သော ရေအရင်းအမြစ်များ လည်ပတ်သုံးစွဲမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသခံပြည်သူများ ရေရှားပါးမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေစုကန်များနှင့် ရေအရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းသုံးစွဲရန်နှင့် အယ်လ်နီညိုရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်နှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပြောကြားသည်။

သန်းလွင်(မကွေး)

မအူပင်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

မအူပင် နိုဝင်ဘာ ၃

မအူပင်မြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲကို ယမန်နေ့ နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မအူပင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်က အယ်လ်နီညိုဖြစ်စဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးမိုးထွန်းနှင့်အဖွဲ့က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ လက်တွေ့မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း၊ ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**



ချောင်းဆုံမြို့နယ်အတွင်းရှိ တစ်ပိုင်တစ်နိုင်လုပ်ငန်းများ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ချောင်းဆုံ နိုဝင်ဘာ ၃

ချောင်းဆုံမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက နိုဝင်ဘာ ၂ ရက်တွင် မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများရှိ တစ်ပိုင်တစ်နိုင် လုပ်ငန်းများသို့ သွားရောက်၍ မီးဘေးလုံခြုံရေး ကွင်းဆင်း စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနဒုတိယဦးစီးမှူး ဦးကောင်းထက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက အလုပ်ရုံများအတွင်း မီးဘေးလုံခြုံရေးဆိုင်ရာ သတ်မှတ်ညွှန်ကြားချက်များ နှင့်အညီ လိုက်နာ ဆောင်ရွက်ထားရှိမှု၊ မီးသတ်ဆေးဘူးများ ထားရှိမှု အခြေအနေများ၊ မီးသတ်ဆေးဘူး အသုံးပြုပုံအဆင့်ဆင့်ကို ရှင်းလင်း ပြသခြင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)

ညောင်လေးပင်မြို့နယ်သမအသင်း အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ရွေးချယ်

ညောင်လေးပင် နိုဝင်ဘာ ၃

ညောင်လေးပင်မြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ဒါရိုက်တာအဖွဲ့ လုပ်ငန်းအစီရင်ခံစာ၊ အသင်းသားစာရင်းစစ်အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းပြီး တက်ရောက်လာကြသူများထံမှ အတည်ပြုချက်ရယူခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်လတ်က သမဝါယမအသင်း စည်းကမ်းချက်များ ရှင်းလင်းဆွေးနွေးပြီး အသင်း၏ အမှုဆောင်ဒါရိုက်တာ ခုနစ်ဦးနှင့် အသင်းသား စာရင်းစစ်နှစ်ဦးတို့အား ရွေးချယ်ကာ တာဝန်ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



အိမ်မဲမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု စစ်ဆေး

အိမ်မဲ နိုဝင်ဘာ ၃

မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူကိုကိုနှင့် တာဝန်ရှိသူများကကျောင်းစု(၃) လယ်တီစု ကျေးရွာနှင့် ကျိုက်ပိကျေးရွာတို့၌ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားမှုများနှင့် လအလိုက်ဖြည့်သွင်းရသည့် စာရင်းဇယားများ ပြည့်စုံမှုရှိ မရှိကို ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ သန်း ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အထွေး**



ဘီးလင်းမြို့၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

ဘီးလင်း နိုဝင်ဘာ ၃

ဘီးလင်းမြို့နယ်တွင် စာဖတ်ရှုနိုင်မြှင့်တင်ရေးလူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်း က အထက(ခွဲ) သဲဖြူချောင်းကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိက လူငယ်စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကိုကျင်းပရာ ကျောင်းသား ကျောင်းသူများက ၎င်းတို့ ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များကို ဦးဆောင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စကားဝိုင်း ပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းခဲ့ကြသည်။

ထို့နောက် ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူများထဲမှ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများကို ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)





ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။

ကန့်ကွက်နိုင်ကြောင်းနှင့် အများသဘေးရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ဗိလိယရောင်းဝယ်မှု အမှတ်(၇၂၇) ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၇၂၇)၊ ဧရိယာ(၀.၀၅၇)ကေရှိ ခေါ်မြေအေးပွင့် (၁၂/အစန(နိုင်)၀၂၀၄၇၁) အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်အား (၁) ဦးဇော်ထက်အောင် (၁၂/ရုကန(နိုင်)၀၇၄၁၀)၊ (၂) ခေါ်ချိုဇင်ရွှေ (၇/အမန(နိုင်)၁၁၂၊၁၆၃) တို့မှ ပုံးတွဲပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေဖါတစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်အဆုံးပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ခေါင်းပမစန္ဒာ LL.B,D.B.L,D.M.L,D.I.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၄)
တိုက်အမှတ်-(၁၅/၉၁)၊ (ပထမထပ်-ဘယ်)၊ ဓာဇေယာလမ်း၊ (ငပ/က)ရပ်ကွက်၊ သဃ်းနားကျွန်းမြို့နယ်။ ဖုန်း-၀၉ ၉၄၆၅၄၂၆၂၊ ၀၉ ၄၂၁၂၄၀၀၇

မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၂၂ယ/ ၇၈၄၆ Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ခေါ်ဖြိုးဖြိုးအေး ဒ/ပမနှ(နိုင်) ၁၉၅၀၁၇ က မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည်မှ၊ နေပြည်တော်ရုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/46803 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးထွေးလှိုင် ၁၄/ဧလန(နိုင်)၁၁၇၀၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည်မှ၊ ခရိုင်ရုံး (ဟသ်တ)

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရပ်ကွက်(၈) ကွင်း/အကွက်အမှတ် (ရ-၂/ ပဒသာ)၊ ဦးပိုင်အမှတ်(၁၄၀၀) ဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အား ပြင်ဦးလွင်မြို့ ခရိုင်အတွေ့ထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှတ်တွဲအမှတ်(၄၇၃/၂၀၂၀-၂၀၂၆)အရ ခေါ်ဖြူဖြူဝင်း အမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်ကို ခေါ်ဖြူဖြူဝင်းထံ ခေါ်ရန်မိုးက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၂၄/၂၀၂၆)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေကွက်အား ခေါ်ရန်မိုးမှ ငှားအမည်ဖြင့် ဂရန်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ထိုရက်ကျော်လွန်ပါက ရုံးလုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

အဝတ်အစား အနည်းငယ်အတွက် အဝတ်လျော်စက်ကို မသုံးဘဲ အဝတ်လျော် စက်အတွင်း အဝတ် အပြည့်ရှိမှသာ စက်ဖြင့် လျှော်ဖွင့်ရမည်။

ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာအုပ်စု၊ မုန်းဇလဲ ကျေးရွာနေ ဦးထွန်းသိန်း၏သမီး မစောမြတ်မိုး၊ ၈/ပဖန(နိုင်)၁၃၉၈၂၉၉ ၏နိုင်စံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၄၅၃ ၄၅၉ ၅၆၈

ရေချွေတာရေးနည်းလမ်းများ

- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်ကို တိုက်ရိုက် အသုံးမပြုဘဲ ရေဖြည့်ထားသော ပုံးကိုသာ အသုံးပြု၍ ဆေးကြောရမည်။
- ❖ ပန်းပင်များနှင့် ဥယျာဉ်များကို ရေလောင်းရာတွင် ရေပိုက်ဖြင့် မလောင်းဘဲ ရေဖြည့်ထားသော ရေလောင်းပုံးကိုသာ အသုံးပြုသင့်သည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ၂၀၂၆ -၂၀၂၇ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ (မိုးညဉ်း၊ ပုတာအို၊ လှိုင်ကော်၊ ဘားအံ၊ ဟားခါး၊ တီးတိန်၊ မော်လမြိုင်၊ တောင်ကြီး၊ အင်းစိန်၊ ရွှေပြည်သာ၊ သန်လျင်၊ ကျောက်မဲနီး တောင်း၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ကန့်ဘလူ၊ ခန္ဓီး၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး၊ လက်ပံတန်း၊ တောင်ငူ၊ ပဲခူး၊ ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်၊ ထားဝယ်၊ နေပြည်တော်နှင့် ဂျပန်-မြန်မာအောင်ဆန်းသက် မွေးပညာသင်တန်းကျောင်း (Japan – Myanmar Aung San Vocational Training Institute)) စုစုပေါင်း (၃၂)ကျောင်းတို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေး ကောင်းမွန်သူဖြစ်ပြီး လက်တွေ့ လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သခ္ခံဂ၊ ရူပဗေဒ၊ဓာတုဗေဒ ဘာသာတွဲများ ပါဝင်သော မည်သည့် ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်ပါသည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သခ္ခံဂ စုစုပေါင်း ရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရ ဧကန်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်း များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့ပြအင်ဂျင်နီယာ (အဝိဒ် (၁)ပါ ကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာ အောင်ဆန်းသက်မွေးပညာ သင်တန်းကျောင်း မပါဝင်ပါ)

(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ (အဝိဒ် (၁)ပါ ကျောင်းပေါင်း(၂၂)၊ ပုတာအို၊ ဘားအံ၊ တီးတိန်၊ တောင်ကြီး၊ သန်လျင်၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပဲခူး၊ ထားဝယ်နှင့် ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင် တန်းကျောင်း မပါဝင်ပါ)

(ဂ) လျှပ်စစ်ခွဲမှမ်းအားအင်ဂျင်နီယာ (အဝိဒ် (၁)ပါကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာ သင်တန်းကျောင်း မပါဝင်ပါ)

(ဃ) စက်မှအင်ဂျင်နီယာ (အဝိဒ် (၁)ပါ ကျောင်းပေါင်း(၃၁)၊ ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာ သင်တန်းကျောင်း မပါဝင်ပါ)

(င) သုတနည်းပညာ (အစိုးရစက်မှလက်မှသိပ္ပံ (မိုးညဉ်း၊ မြင်းခြံ၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မကွေး၊ အင်းစိန်၊ နေပြည်တော်၊ ကန့်ဘလူ၊ မော်လမြိုင်၊ တောင်ကြီး))

(စ) စက်မှူလုပ်ငန်းအင်ဂျင်နီယာ (အစိုးရစက်မှူလက်မှသိပ္ပံ(အင်းစိန်၊ ပြင်ဦးလွင်))

(ဆ) စက်မှူလယ်ယာနည်းပညာ (အစိုးရစက်မှူလက်မှသိပ္ပံ (နေပြည်တော်၊ ဝါးခယ်မ၊ ကျိုက်လတ်))

(ဇ) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာ (အစိုးရစက်မှူလက်မှ သိပ္ပံ (ပြင်ဦးလွင်၊ ဂျပန် - မြန်မာအောင်ဆန်း သက်မွေးပညာ သင်တန်းကျောင်း))

(ဈ) စက်မှူလုပ်ငန်းဆိုင်ရာ လျှပ်စစ်အင်ဂျင်နီယာ (ဂျပန် - မြန်မာ အောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း)

၄။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာလက်မှတ် ပေးအပ်မည်ဖြစ်သည်။ A.G.T.I (၃)နှစ်သင်တန်းများတွင် သတ်မှတ်အရည် အချင်းပြည့်မီပါက B.Tech နှင့် B.E သင်တန်းများ သို့ ဝင်ခေါ်ကူးတက်ရောက်နိုင်ရေး လျှောက်ထားနိုင်သည်။

၅။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှသိပ္ပံများ၌ ၂-၁၁-၂၀၂၆ ရက်တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၁-၁၁-၂၀၂၆ ရက် နောက်ဆုံးထားရှိ မိမိတို့ တက်ရောက်လိုသည့် သိပ္ပံသို့ ပြန်လည်တင်သွင်းရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာကို မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာမူရင်း။

(ဂ) သက်ဆိုင်ရာမှတရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ်စာရင်း (မူရင်း)။

(ဃ) လျှောက်ထားသူ၏ အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား (မိတ္တူ)။

(င) ကျောင်းသား၊ ကျောင်းသူများ နေထိုင်ရာဒေသ သက်ဆိုင်ရာနယ်မြေ ရဲစခန်းဈေး ဖြစ်မှကင်းရှင်းကြောင်း ထောက်ခံစာမူရင်း။

(စ) ပတ်စ်ပို့အရွယ် ရောင်စုံစာတိပ် (၃) ပုံ။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အဝိဒ်(၁)ပါ အစိုးရစက်မှု လက်မှုသိပ္ပံများသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

အကျိုးတူလုပ်ငန်းဆောင်ရွက်ရန် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေး ဌာနအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မြို့နယ် (၃၃) မြို့နယ်မှ အမှိုက် တန်ချိန် (၂၅၀၀) ကျော်အား နေ့စဉ်သိမ်းဆည်း သယ်ယူစွန့်ပစ်လျက်ရှိပါသည်-

(က) လှိုင်သာယာမြို့နယ် ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသို့ တန်ချိန် (၁၅၀၀)ခန့်၊

(ခ) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ထားဝယ်ချောင်း နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသို့ တန်ချိန် (၁၀၀၀) ခန့်

၂။ ယခုအခါ ပြန်လည်ပြည့်ဖြိုးမြဖွံ့မိုးအင်လုပ်ငန်းစဉ်အရ စွန့်ပစ်အမှိုက်များမှ စွမ်းအင်ထုတ်လုပ်မှု (Waste to Energy) နည်းစဉ်ဖြင့် အဆိုပါ အမှိုက်ပုံနေရာ (၂) ခုတွင် အောက်ပါလုပ်ငန်းစဉ်များအား ဆောင်ရွက်ရန်စီစဉ်လျက်ရှိပါသည်-

(က) စွန့်ပစ်အမှိုက်မှ (Methane) ဓာတ်ငွေ့ထုတ်ယူပြီး (Generator) ဖြင့် မောင်းနှင်၍ လျှပ်စစ်ဓာတ်အား ထုတ်ယူခြင်းလုပ်ငန်း၊

(ခ) စွန့်ပစ်အမှိုက်မှ (Methane) ဓာတ်ငွေ့ထုတ်ယူပြီး (Compressed Bio Methane) ပြုလုပ်၍ (၉၀ %) သန့်စင်သောစွမ်းအင် (CNG) အစားထိုး ဓာတ်ငွေ့ထုတ်ယူခြင်း လုပ်ငန်း၊

(ဂ) စွန့်ပစ်အမှိုက် မီးရှို့စက်ရုံတည်ဆောက်ပြီး (Incinerated Process) ဖြင့် လျှပ်စစ် ဓာတ်အား ထုတ်ယူခြင်းလုပ်ငန်း၊

၃။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါလုပ်ငန်းစဉ် (၃) မျိုးအား ဆောင်ရွက်လိုသော ပြည်တွင်းပြည်ပ ကုမ္ပဏီများအနေဖြင့်လည်းကောင်း၊ ပြည်ပကုမ္ပဏီများအနေဖြင့်လည်းကောင်း၊ ပြည်တွင်းနှင့် ပူးပေါင်းပြည်ပကုမ္ပဏီများအနေဖြင့်လည်းကောင်း အောက်ပါအချက်အလက်များအား ပြည့်စုံစွာ ဖော်ပြပါရှိလျက် အဆိုပြုတင်ပြချက် (Proposal) အား **(၃၁-၁၂-၂၀၂၆)** ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန သို့ တင်ဒါအဆိုပြုချက်များ ပေးပို့နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) မည်သည့်လုပ်ငန်းစဉ်ကို ဆောင်ရွက်လိုကြောင်းနှင့် (Feasibility Study) လုပ်ဆောင် မည့်ကာလ ဖော်ပြချက်၊

(ခ) မည်သည့်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံတွင် ဆောင်ရွက်လိုကြောင်းနှင့် တည်ဆောက်မှု ကာလဖော်ပြချက်၊

(ဂ) အကျိုးတူလုပ်ငန်းအား နှစ်ကာလဖော်ပြ၍ မည်သည့်စနစ်ဖြင့်ဆောင်ရွက်လိုကြောင်း၊ (ဥပမာ – Build- Operate-Transfer စနစ်၊ Build-Own-Operate စနစ်၊ Public-Private-Partnership စနစ်)

(ဃ) ဆောင်ရွက်မည့်လုပ်ငန်းစဉ်၏အသေးစိတ်လုပ်ငန်းစဉ်များ (ရင်းနှီးမြှုပ်နှံမှုတန်ဖိုး၊ ပိုင်ဆိုင်မှု အပေါ် ခွဲဝေမှုရာခိုင်နှုန်း၊ နှစ်စဉ်ပြုပြင် ထိန်းသိမ်းကုန်ကျစရိတ်၊ အကျိုးအမြတ်ခွဲဝေမှု ရာခိုင်နှုန်း၊ လုပ်ငန်းဆောင်ရွက်မည့်ကာလ၊ ရင်းနှီးမြှုပ်နှံမှု၏ အရင်းကြေကာလ ခန့်မှန်းချက်စသည်ဖြင့် အခြားဖော်ပြလိုသည်များ)။

(င) အသုံးပြုမည့် မြေဧရိယာလိုအပ်ချက်၊

(စ) နေ့စဉ်အမှိုက်ကုန်ကြမ်းပေးပို့မှု သဘောတူညီချက်၊

(ဆ) Tipping Fees ပေးရန်လို/မလို၊

(ဇ) ရေရှည်ရသုံးစွဲမှုစနစ်၊

(ဈ) ထွက်ရှိစွမ်းအင်အလွှဲသုံးစွဲမှု/ရောင်းချမှုအတွက်မည်သည့်နှုန်းဖြင့်ဆောင်ရွက်မည်၊

(ည) Carbon Credit (Certified Emission Reduction) ရောင်းချရန် စီစဉ်ဆောင်ရွက် ထားရှိမှုနှင့် ခွဲဝေမှုရှိ/မရှိ၊

(ဋ) အခြားဖော်ပြလိုသည်များရှိပါက ထည့်သွင်းဖော်ပြရန်နှင့်လိုအပ်မည့် (Document) များ ပူးတွဲရန်၊

မှတ်ချက်။ (၁) တင်ဒါအဆိုပြုတင်ပြရာတွင် ကုမ္ပဏီအဖွဲ့များ၏ (Logo) ပါသော (Letter Head) အသုံးပြုတင်သွင်းရန် ဖြစ်ပါသည်။

(၂) လုပ်ငန်းကိစ္စနှင့်စပ်လျဉ်း၍လိုအပ်သည့် သတင်းအချက်အလက်များ၊ ကိန်းဂဏာန်း များ အသေးစိတ်သိရှိရယူလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ (၅)လွှာ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ (၁၂ ½) ထပ်ရုံး၊ ကုန်သည်လမ်း (သိမ်ဖြူလမ်းနှင့် ဗိလိမြတ်ထွန်းလမ်းကြား)၊ ဗိလိပတ်ထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၀၈၅၅၊ ၀၉-၅၀၄၈၃၁၁၊ ၀၉-၅၀၄၈၃၁၀ တို့သို့ ဆက်သွယ်ရယူနိုင်ပါသည်။

မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန် အသိပေး

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်း ရေယာဉ်များနှင့် ကမ်းနီး ငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆)ရက်စွဲပါ ညွှန်ကြားချက်အရှတ်၊ ၂/၂၀၂၆ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂျောင်းအတွင်း မြောက်လတ္တီ တွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်။

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်။

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလွှေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်။

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်။

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်။

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်။

(ဆ) ရခိုင်ပြည်နယ်၊ ဂွင်မြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင်း မြောက် လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်။

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်။

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်။

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကန်ကျေးရွာ မြောက် လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်။

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်။

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ မောင်းမကန် ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်။

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ လောင်းလုံး ဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်။

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်။

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်း ရေယာဉ်များအား ရာသီဥတုခိုလှုံနေရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ် ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီး နေသည်ကိုစစ်ဆေးတွေ့ရှိရပါကထိရောက်စွာအရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၇/၄၊ ခေမာသီရိရပ်)၊ ဦးပိုင်အမှတ်(၁၁၀)၊ မြေဧရိယာ(၀.၀၉၀) ဧကရှိမြေကွက်သည် မူလက ဦးလှမျိုး၊ ဒေါ်ခင်ချိုမြင့်အမည်ဖြင့် (၃၀-၆-၂၀၂၀) ရက်အထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ ဂရန်အမည်ပေါက်သူ ဦးလှမျိုး၊ ဒေါ်ခင်ချိုမြင့်တို့ထံမှ ဦးလှမောင်နှင့်၎င်း၏ဇနီးဖြစ်သူဒေါ်တင်တင်သန်းတို့က(၁၁-၇-၂၀၀၇) ရက်စွဲပါနှစ်ဦးသဘောတူ အိမ်ခြံကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး၊ ဒေါ်တင်တင်သန်းမှာ (၉-၄-၂၀၁၉)ရက်တွင်ကွယ်လွန်သွားခဲ့ပြီးဖြစ်သဖြင့် ယခုအခါဦးလှမောင် ၁၄/ခနဖ(နိုင်)၀၈၅၁၆၅အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ သိပ္ပံလမ်း၊ တိုက်အမှတ်(၇၉)၊ အခန်းအမှတ်(မြေညီ+ ထပ်ခိုး) တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်းဝင်းမာ(၁၂/အလန(နိုင်) ၀၁၂၁၂၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများဖြစ်ကြသော ဦးပြည့်ဖြိုးအောင်(၉/အမဇ(နိုင်)၀၂၁၄၀၉)၊ ဒေါ်ပိုပိုချစ်နိုင် (၁၂/ပဇတ(နိုင်)၀၃၃၄၃၉)တို့က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃)　ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆)　ဒေါ်သိမ့်သဥ္ဇလီ(LL.B, LL.M)(စဉ်-၅၆၈၈၇)
တရားလွှတ်တော်ရှေ့နေများ　အထက်တန်းရှေ့နေ
တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉- ၄၄၃၀၂၆၁၉၉၊ ၀၉- ၇၃၀၂၆၁၉၉

အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
ကျောက်ပန်းတောင်းမြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၁

ဒေါ်ဝင်းဝင်းခိုင် **နှင့်** ၁။ ဒေါ်မေနန်းနွယ်
၂။ ဦးဝင်းကိုကို

လျှောက်ထားသူ　လျှောက်ထားခံရသူများ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဘူတာရပ်ကွက်နေ လျှောက်ထားခံရသူ ဦးဝင်းကိုကို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဒေါ်ဝင်းဝင်းခိုင်က ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈အရ ဝရမ်းခွာပေးစေလိုမှု အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၆ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် (၁၃၈၈ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်မြင့်သော်)
တွဲဖက်မြို့နယ်တရားသူကြီး
ကျောက်ပန်းတောင်းမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
တောင်ကြီးမြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈၀

ဒေါ်နန်းသူထွေး **နှင့်** ဒေါ်ခင်လေးရွှေ
(တရားလို)　(တရားပြိုင်)

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၆)ရပ်ကွက်၊ အမှတ် (၇၀)နေ ဒေါ်ခင်လေးရွှေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်နန်းသူထွေး က တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၆)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၆၁၊ ဝါးရုံးပင်)၊ ဦးပိုင်အမှတ် (၁၂၆)၊ ဧရိယာ (၀.၁၃၁)ဧကရှိ ဒေါ်ခင်လေးရွှေ အမည်ပေါက် ဂရန်မြေကွက်အား "ပဋိညာဉ်အတိုင်း အရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ လ ၁၆ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြတ်သဇင်နိုင်)
မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

အသိပေးကြေညာခြင်း

၁။ မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ်(၅၁)၊ ဦးပိုင်အမှတ်(၆၁)၊ မြေကွက်အမှတ် (၂၆၃)၊ မြေဧရိယာ(၀.၁၈၃)ဧကရှိမြေနေရာအား မြေငှားဂရန် အမှုတွဲအမှတ် (၃၉၁/မဆ/၂၀၁၈)ဖြင့် ဒေါ်မရစ်ကိုင်နော်အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပြီး အဆိုပါမြေငှားဂရန်မူရင်းမှာ (၂၀၂၄)ခုနှစ်ခန့်က နေအိမ်တွင် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန် လျှောက်ထားလာပါသည်။

၂။ သို့ဖြစ်ပါ၍ မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ်(၅၁)၊ ဦးပိုင်အမှတ်(၆၁)၊ မြေကွက်အမှတ်(၂၆၃)၊ မြေဧရိယာ(၀.၁၈၃)ဧကရှိမြေကွက်ကို ဒေါ်မရစ်ကိုင်နော် (၁/မမန(နိုင်)၀၁၂၈၃၁)အမည်ဖြင့် မြေငှားဂရန်မိတ္တူမှန် လျှောက်ထားခြင်းအား ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများယူဆောင်၍ မူဆယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူဆယ်မြို့၊
ဖုန်း-၀၈၂-၅၀၅၂၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/73095, Honda Alpha 110 ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းစိန် ၂/လကန(နိုင်) ၀၁၅၃၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ကယားပြည်နယ်ရုံး
(လွိုင်ကော်)

အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
ကျောက်ပန်းတောင်းမြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၂

ဒေါ်ဝင်းဝင်းခိုင် **နှင့်** ၁။ ဒေါ်မို့မို့လွင်
၂။ ဦးဝင်းကိုကို

လျှောက်ထားသူ　လျှောက်ထားခံရသူများ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဘူတာရပ်ကွက်နေ လျှောက်ထားခံရသူ ဦးဝင်းကိုကို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဒေါ်ဝင်းဝင်းခိုင်က ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ ဝရမ်းခွာပေးစေလိုမှု အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် (၁၃၈၈ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်မြင့်သော်)
တွဲဖက်မြို့နယ်တရားသူကြီး
ကျောက်ပန်းတောင်းမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
တောင်ကြီးမြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၇၃

ဦးဖွဲ့ထူးအောင် **နှင့်** ဒုဗိုလ်မှူးကြီးမြင့်ထွန်း
(တရားလို)　(တရားပြိုင်)

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၅)ရပ်ကွက်၊ အမှတ် (၁၂၇)နေ ဒုဗိုလ်မှူးကြီးမြင့်ထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဖွဲ့ထူးအောင် က တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၅)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၄၈၊ စာတိုက်)၊ ဦးပိုင်အမှတ် (၁၂၆)၊ ဧရိယာ (၀.၁၂၁)ဧကရှိ ဒုဗိုလ်မှူးကြီးမြင့်ထွန်းအမည်ပေါက် ဂရန်မြေကွက်အား "ပဋိညာဉ်အတိုင်း အရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု"နှင့် လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ် စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ လ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြတ်သဇင်နိုင်)
မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

အမည်နှင့် မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄) Grade - 8 တွင် ပညာသင်ကြားနေသော (ဘ) ဦးချမ်းလင်းအောင် ၏ သား အမည်မှန်မှာ မောင်အောင်ကောင်းခန့်ရှင်း နှင့် မွေးသက္ကရာဇ်အမှန်မှာ (၃၀.၄.၂၀၁၁) ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ရွာဘဲရပ်ကွက်၊ ရွှေဟသာ်ာ အနောက်ပေါက်လမ်း၊ ကွင်း/အကွက်အမှတ်နှင့်အမည် - (၁၅^A / မူယာပင် အနောက်)၊ ဦးပိုင်အမှတ်-(၆၆^ခ)၊ ပိုင်ဆိုင်ခွင့် (B)၊ မြေမျိုးနှင့်အတန်း (မြို့မြေ)၊ ဧရိယာ-(၀.၀၈၈)ဧက အကျယ်အဝန်းရှိ ခြံမြေကွက်နှင့် အဆောက်အဦးအား လက်ရှိ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော ဒေါ်သန်းသန်းဌေး (ဘ) ဦးတင်ဦး၊ ၇/ပမန(နိုင်)၀၃၂၄၈၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးရဲလေး (ဘ) ဦးတင်ဦး ၊ ၇/ပတန(နိုင်)၁၀၈၄၇၃ ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်ချို့တစ်ဝက်အား ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တရားဝင် အထောက်အထားစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်နွယ်မြင့်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၆၈)
အမှတ်(၃၄၇)၊ အနောက်နေကျော်တန်းလမ်း၊ ရွာဘဲနယ်မြေ၊ ပြည်မြို့။
ဖုန်း - ၀၉ ၉၆၂၂၇၃၇၄

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း Grade -12 တွင် ပညာသင်ကြားနေသော မဇင်မာမြင့် ၏ ဖခင်အမည်မှန်မှာ ဦးဖော်မြားကန်(၁၄/သပန(နိုင်) ၀၀၃၅၆၄ ဖြစ်ပါကြောင်း။

ဦးဖော်မြားကန်

မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း Grade -12 တွင် ပညာသင်ကြားနေသော မဝေဝေလှိုင် ၏ မိခင်အမည်မှန်မှာ ဒေါ်နွဲ့ဝင်း (၇/ကကန(နိုင်) ၀၇၃၄၁၅ ဖြစ်ပါကြောင်း။

ဒေါ်နွဲ့ဝင်း

ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 74W/10323 OWL-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆုရည်လင်း ၁၃/ဖခန(နိုင်) ၀၇၄၉၁၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ကယားပြည်နယ်ရုံး
(လွိုင်ကော်)

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
တောင်ကြီးမြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၇၂

ဒေါ်ဝင်းလှိုင်လှိုင်ထွန်း **နှင့်** ဗိုလ်ကြီးကျော်မင်း(ငြိမ်း)
(တရားလို)　(တရားပြိုင်)

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၆)ရပ်ကွက်၊ အမှတ် (၂၃၈/၆၃)နေ ဗိုလ်ကြီးကျော်မင်း(ငြိမ်း) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝင်းလှိုင်လှိုင်ထွန်းက တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်- ၆၃၊ အကွက်အမည်- ကြံခင်းမြောက်၊ ဦးပိုင်/မြေကွက်အမှတ် (၂၃၈)၊ ဧရိယာ (၀.၁၃၀)ဧကရှိ ဗိုလ်ကြီးကျော်မင်း အမည်ပေါက် ဂရန်မြေကွက်အား "အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ လ ၁၆ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြတ်သဇင်နိုင်)
မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

ရေရှားမည့်ဘေး ရှောင်ရှားဖို့ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့

အမည်မှန် / မွေးသက္ကရာဇ်မှန် / ဖခင်အမည်မှန်

ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ၊ ရွာငံမြို့နယ်၊ ဒလပင်ကျေးရွာနေ မကေသီခိုင်၏ အမည်မှန်မှာ မမေရီမော် ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၄-၆-၁၉၈၉ ဖြစ်ပါကြောင်းနှင့် မမေရီမော်၏ ဖခင်အမည်မှန်မှာ ဦးကျော်သောင်း ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်တောင်ပိုင်း၊ ပင်းတယမြို့၊ အော်ယောရပ်ကွက်နေ (ဘ)ဦးဝင်းနိုင်၏သားဖြစ်သူ မှတ်ပုံတင်အမှတ် ၁၃/ပတယ(နိုင်)၁၄၆၁၃၂ ကိုင်ဆောင်သူ မောင်တေဇာနိုင်(ခ) မောင်ခင်ဇော်နိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၉/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၇၁)၊ ဧရိယာ(၀ဒသမ၀၂၈)ဧကရှိ မြေကွက်အား မြို့မြေချထားရေးကော်မတီ ပြင်ဦးလွင်မြို့၏ မြေချထားပေးသည့် အမိန့်အမှတ်စဉ် (၁၄၆၁)အရ ဦးကျော်မြင့်မှလက်ရှိလက်ရောက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဦးကျော်မြင့်မှ ၎င်းအမည်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူ မည်သူမဆိုပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်မြို့ (မူလွန်)အောင်မြေသာကျောင်းမှ (ဘ) ဦးသန်းဝင်း ၏ သမီးဖြစ်သူ ဒုတိယမူလတန်းပြ ဒေါ်အေးငြိမ်းသူ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၇-၃-၁၉၆၆) ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ လှိုင်းဘွဲမြို့နယ်၊ ရွှေဂွန်းကျေးရွာနေ (ဘ)ဦးဟန်တင့်၏သမီး ဒေါ်သီတာစမ်း ၃/လဘန(နိုင်)၀၀၈၅၅၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၆-၁၉၇၀ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(၁/ပဒေသာ)၊ ဦးပိုင်အမှတ်(၃၂၅)၊ ဧရိယာ(၀ဒသမ၀၄၆)ဧကရှိ မြေကွက်အား မြို့မြေချထားရေးကော်မတီ ပြင်ဦးလွင်မြို့၏ မြေချထားပေးသည့် အမိန့်အမှတ်စဉ် (၁၄၄၅)အရ ဒေါ်နီလာဝင်းမောင်မှလက်ရှိလက်ရောက် ပိုင်ဆိုင် သော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဒေါ်နီလာဝင်းမောင်မှ ၎င်းအမည်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူ မည်သူမဆိုပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

အသိပေးကြေညာခြင်း

၁။ မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ်(၅၁)၊ ဦးပိုင်အမှတ်(၄၈)၊ မြေကွက်အမှတ်(၂၆၄)၊ မြေဧရိယာ(၀.၁၈၃)ဧကရှိမြေနေရာအား မြေငှားဂရန် အမှုတွဲအမှတ် (၃၉၁/မဆ/၂၀၁၈)ဖြင့် ဒေါ်မရစ်ကိုင်နော်အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပြီး အဆိုပါမြေငှားဂရန်မူရင်းမှာ (၂၀၂၄)ခုနှစ်ခန့်က နေအိမ်တွင် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန် လျှောက်ထားလာပါသည်။

၂။ သို့ဖြစ်ပါ၍ မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ်(၅၁)၊ ဦးပိုင်အမှတ်(၄၈)၊ မြေကွက်အမှတ်(၂၆၄)၊ မြေဧရိယာ(၀.၁၈၃)ဧကရှိမြေကွက်ကို ဒေါ်မရစ်ကိုင်နော်(၁/မမန(နိုင်)၀၁၂၈၃၁)အမည်ဖြင့် မြေငှားဂရန်မိတ္တူမှန် လျှောက်ထားခြင်းအား ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများယူဆောင်၍ မူဆယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူဆယ်မြို့၊
ဖုန်း-၀၈၂-၅၀၅၂၁

အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ပဒါန်ရေကျော်အုပ်စု၊ ကွင်းအမှတ် (၁၅၃၊ ဘုရားငူကွင်း၊ ဦးပိုင်အမှတ် (၅၀/၅)၊ မြေအကျယ် (၀.၆၀)ဧက မြေကွက်တစ်ကွက်၊ ပဒါန်ရေကျော်အုပ်စု၊ ဘုရားငူကွင်း ၊ဦးပိုင်အမှတ် (၄၉/၃) မြေအကျယ် (၂.၉၅)ဧက မြေကွက်တစ်ကွက်၊ ပဒါန်ရေကျော်အုပ်စု၊ ဘုရားငူကွင်း၊ ဦးပိုင်အမှတ် (၅၀/၄) မြေအကျယ် (၁.၂၀)ဧက မြေကွက် တစ်ကွက်၊ စုစုပေါင်း မြေကွက် (၃)ကွက် နှင့် ယင်းမြေကွက်တွင် စွဲကပ်တည်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးကျော်တိုးဝင်း ၁၄/ညတန(နိုင်)၁၂၈၉၀၇ က (၃-၃-၂၀၂၂)ရက်၌ တရားဝင်လက်ရှိ ပိုင်ဆိုင်ထားသူဖြစ်ပါသည်။ ဖော်ပြပါ ခနိမြေအမျိုးအစား မြေကွက်(၃)ကွက်အား ဦးကျော်တိုးဝင်း တစ်ဦးတည်းကသာ တရားဝင်ပိုင်ဆိုင်သည့်အတွက် ၎င်းတစ်ဦးတည်းက မြေကွက် (၃)ကွက်အား ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လွှဲပြောင်းခွင့်ရှိပြီး အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စီမံခန့်ခွဲခွင့်ရှိသူတစ်ဦးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးကျော်တိုးဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်အောင်ကြည်(ဥပဒေဘွဲ့) (စဉ်-၁၂၁၃၁/၂၀၁၇)
တရားလွှတ်တော်ရှေ့နေ
ဖုန်း- ၀၉-၉၇၁၄၃၃၄၁၆၊ ၀၉-၇၈၉၉၅၉၆၅၆

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး၌ပဒေအမိန့် ၅၅၊ နည်း၌ပဒေ ၂၀)
တောင်ကြီးမြို့နယ်တရားရုံးတော်
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၉၅

ဒေါ်ဂေါင်ရီ(ခ)ဝင်းဝင်းရီ နှင့် ဦးစိုင်းကျော်အုန်း
(တရားလို) (တရားပြိုင်)

အေးသာယာမြို့၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၆၅) နေ ဦးစိုင်းကျော်အုန်း သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်ဂေါင်ရီ(ခ)ဝင်းဝင်းရီက စာချုပ်စာတမ်း မှတ်ပုံတင်ပေးစေလို့မူ" နှင့် လျှောက်ထားခွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်(၁၃စက ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်) မွန်းတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှုင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စည်းဗိမံမှူး)
ဒုတိယမြို့နယ်တရားသူကြီး(၁)
တောင်ကြီးမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး၌ပဒေအမိန့် ၅၅၊ နည်း၌ပဒေ ၂၀)
တောင်ကြီးမြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈၂

ဒေါ်နန်းသူထွေး နှင့် ဒေါ်စန်းစန်းအေး
(တရားလို) (တရားပြိုင်)

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၆)ရပ်ကွက်၊ အမှတ် (၃၆) နေ ဒေါ်စန်းစန်းအေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းသူထွေး က တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၆)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၆၁၀၊၀၊ရုံပင်)၊ ဦးပိုင်အမှတ် (၁၂၅)၊ ဧရိယာ (၀.၁၃၁)ကေရှိ ဒေါ်စန်းစန်းအေးအမည်ပေါက် ဂရန်မြေကွက်အား "ပဋိညာဉ်အတိုင်း အရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလို့မူ"နှင့် လျှောက်ထားခွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပခြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် (၁၃စ၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်) မွန်းတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအဖို့ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြတ်သဇင်နိုင်)
မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး

ပတ်စ်ပို့ပျောက်

ကျွန်မ မလာခရပ်ထုပ်ပိုင် ၁/မခဘ(နိုင်)၀၁၃၃၇၅ ၏ ပတ်စ်ပို့နံပါတ် (MI-200725) DATE OF ISSUE (6 NOV 2023) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၂၇၇၅၁

တစ်ဦးတည်းဖြစ်ကြောင်း

ဦးဘွေနောင်း ၏သား၊ မြစ်ကြီးနားမြို့၊ စိတာပူရပ်ကွက်၊ SS(151)နေ ဦးမင်းထန်(ခ)ဦးမေထန်း ၄/မတပ(နိုင်)၀၁၅၀၄၂ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ဝါးချက်ကျေးရွာ အ.ထ.က(၌)ဝါးချက် Grade-10 တွင် ပညာသင်ကြားနေသော မဒေခိုကို၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်တင့် (၅/စကန(နိုင်)၁၁၅၇၃၇)ဖြစ်ပါကြောင်း။ ဦးခင်မောင်တင့်

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အထက(အား/ပညာ)တာမွေ မှ ဒုတိယအလယ်တန်းပြ ဆရာမ ဒေါ်စမ်းမြင်ဦမိုး (၉/မရတ(နိုင်) ၀၇၉၇၈၁) နှင့် ဒေါ်စန်းမြင်ဦမိုး သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။ ဒေါ်စမ်းမြင်ဦမိုး(ခ) ဒေါ်စန်းမြင်ဦမိုး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇) ရပ်ကွက်၊ မရမ်းမြိုင်လမ်း၊ အမှတ် (၂၁)နေ ဒေါ်သန္ဓာတင် (၁၂/လနန (နိုင်) ၁၇၀၁၄၃) ၏ လွဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈) ရပ်ကွက်၊ သုခမြိုင် (၁) လမ်း၊ အမှတ် (၁၆၀) ဟူသော်လည်းသော အကျယ်အဝန်း (၂၅၀×၆၀ပေ)၀) ရှိ ဂရန်မဲမြကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဖြူဖြူဝင်း (၁၂/လနန(နိုင်) ၀၀၅၈၇၁) ထံမှ ဒေါ်သန္ဓာတင် (၁၂/လနန(နိုင်) ၁၇၀၁၄၃)က ဝယ်ယူရန်အတွက် ကာလတာရှိဖို့၊ ၎ကတိစာတမ်းစီတိုက်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေနှင့် အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများတင်ပြ၍ ကျွန်ုပ်ထံ ယနေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားပေါ်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွဲအပ်ညွှန်ကြားချက်အရ-
ဦးချစ်လွင်B.Com (AA), D.E.P; R.L တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၅၉)
အမှတ်-၁၉၊ ၁၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၄၂၀၁၄၁၀၄၉

MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO., LTD.

Shwe Zabu River View Complex , 23G-1 ,No.3B, Tower (A) Penthouse-01&02 , Strand Road,Ahlone Township, Yangon, Myanmar, Tel : (+951)2301731 , Email : info@mtshmyanmar.com

၂၃-၁၀-၂၀၂၆ နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလိမိတက်၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့မှ အစုရှယ်ယာရှင်များထံ တင်ပြပြီးဖြစ်သည့် ၂၀၂၅- ၂၆ ဘဏ္ဍာရေးနှစ်အတွက် ခွဲဝေပေးမည့်အမြတ်ဝေစုများအား ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးမည့် အစီအစဉ်

၁။ Record Date ၁၄-၁၀-၂၀၂၆ တွင် Securities Account ၌ အစုရှယ်ယာစာရင်းဝင်နေသည့် အစုရှယ်ယာရှင် များသည် (၀၅-၁၁-၂၀၂၆) မှစတင်၍ သက်ဆိုင်ရာ Securities Company များတွင် အမြတ်ဝေစုများကို ဆက်သွယ်ထုတ်ယူနိုင်ပါသည်။

၂။ ၁၄-၁၀-၂၀၂၆ နေ့နှင့် နောက်ပိုင်းမှ Securities Account ဖွင့်လှစ်ထားသူများ နှင့် Securities Account မဖွင့်ရသေးသော အစုရှယ်ယာရှင်များအနေဖြင့် MTSH မှတစ်ဆင့် မိမိတို့ပိုင်ဆိုင်သော အစုရှယ်ယာအရေအတွက်အလိုက် ခွဲဝေပေးမည့်အမြတ်ဝေစု ပမာဏကို(၀၅-၁၁-၂၀၂၆) မှစတင်၍ ထုတ်ယူ ရပါမည်။

၃။ ထိုသို့ထုတ်ယူရာတွင် အစုရှယ်ယာရှင်များအနေဖြင့် MTSH ၏ IR ဌာနသို့ ရုံးချိန်အတွင်း ဖုန်းဖြင့်ဆက်သွယ်၍ အမြတ်ဝေစု ထုတ်ယူရန် စာရင်းပေးရမည်ဖြစ်ပြီး ထုတ်ယူရမည့်ရက်ကို MTSH မှ ပြန်လည်အကြောင်းကြား ပေးသွားမည်ဖြစ်ပါသည်။

ဆက်သွယ်ရမည့်ဖုန်းနံပါတ် - ၀၁-၂၃၀၁၇၃၁ ၊ ၀၁-၂၃၀၁၇၄၁ ၊ ၀၁-၂၃၀၁၈၈၄ ၊ ၀၁-၂၃၀၁၈၈၅ ၊ ၀၁-၂၃၀၁၈၈၅၃
ဆက်သွယ်ရမည့်လိပ်စာ - မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MTSH) အစုရှယ်ယာဌာန၊ ရွှေဇမ္ဗူရေးဗာဇျူးကွန်းပလပ်(စ်)၊ ၂၃ဂျီ-၁၊ အမှတ်၃-၁၁၊ တာဝါ(အေ)၊ (၉)ထပ်(အပေါ်ဆုံးထပ်)၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

အစုရှယ်ယာရှင်များ အနေဖြင့် အမြတ်ဝေစုထုတ်ယူသည့်အခါ အောက်ပါအတိုင်း လိုအပ်သည့် စာရွက် စာတမ်းများကို ပြည့်စုံစွာ ယူဆောင်လာရမည် ဖြစ်ပါသည်။

၁။ အစုရှယ်ယာရှင်များ အနေဖြင့် အမြတ်ဝေစု ထုတ်ယူရာတွင် ကိုယ်တိုင် ထုတ်ယူသူများအတွက် အောက်ပါ စာရွက်စာတမ်းများ လိုအပ်ပါသည် _

(က) အစုရှယ်ယာ လက်မှတ်မူရင်း (သို့မဟုတ်) ၁၄-၀၉-၂၀၂၆ နေ့နှင့် နောက်ပိုင်း အချိန်များတွင် Securities Company များသို့ အစုရှယ်ယာ သက်သေခံ လက်မှတ်များ အပ်နှံခဲ့ပါက လက်ခံရရှိကြောင်း ဖြတ်ပိုင်းမူရင်း (သို့မဟုတ်) အစုရှယ်ယာသက်သေခံလက်မှတ်ပျောက်ဆုံးနေကြောင်း MTSH မှ ထောက်ခံချက်မူရင်း

(ခ) အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်း

၂။ အစုရှယ်ယာရှင်များအနေဖြင့် အမြတ်ဝေစုကို ကိုယ်တိုင်ထုတ်ယူရန် အခက်အခဲရှိသဖြင့် ကိုယ်စားလှယ်ဖြင့်ထုတ်ယူလိုသူများအနေဖြင့် အောက်ပါစာရွက်စာတမ်းများ လိုအပ်ပါသည်_

(က) အစုရှယ်ယာ လက်မှတ်မူရင်း (သို့မဟုတ်) ၁၄-၀၉-၂၀၂၆ နေ့နှင့် နောက်ပိုင်း အချိန်များတွင် Securities Company များသို့ အစုရှယ်ယာ သက်သေခံ လက်မှတ်များ အပ်နှံခဲ့ပါက လက်ခံရရှိကြောင်း ဖြတ်ပိုင်းမူရင်း (သို့မဟုတ်) အစုရှယ်ယာသက်သေခံလက်မှတ်ပျောက်ဆုံးနေကြောင်း MTSH မှ ထောက်ခံချက်မူရင်း

(ခ) အစုရှယ်ယာရှင်များ၏ မှတ်ပုံတင်မူရင်း

(ဂ) အစုရှယ်ယာရှင်များမှ အမြတ်ဝေစုထုတ်ယူရန် ကိုယ်စားလှယ်လွှဲအပ်စာမူရင်း

(ဃ) ကိုယ်စားလှယ်၏ မှတ်ပုံတင်မူရင်း

၃။ အစုရှယ်ယာသက်သေခံလက်မှတ်ပိုင်ဆိုင်သည့် လူပုဂ္ဂိုလ်လိမဟုတ်ဘဲ အသင်းအဖွဲ့/ကုမ္ပဏီများဖြစ်ပါက အောက်ပါစာရွက်စာတမ်းများ လိုအပ်ပါသည်။

(က) အစုရှယ်ယာ လက်မှတ်မူရင်း (သို့မဟုတ်) ၁၄-၀၉-၂၀၂၆ နေ့နှင့် နောက်ပိုင်း အချိန်များတွင် Securities Company များသို့ အစုရှယ်ယာ သက်သေခံ လက်မှတ်များ အပ်နှံခဲ့ပါက လက်ခံရရှိကြောင်း ဖြတ်ပိုင်းမူရင်း (သို့မဟုတ်) အစုရှယ်ယာသက်သေခံလက်မှတ်ပျောက်ဆုံးနေကြောင်း MTSH မှ ထောက်ခံချက်မူရင်း

(ခ) အသင်းအဖွဲ့/ကုမ္ပဏီ၏ အမှုဆောင်ဒါရိုက်တာများ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် P.O ထုတ်ယူရန် ကိုယ်စားလှယ်လွှဲစာမူရင်း

(ဂ) ကုမ္ပဏီလိုင်စင်မူရင်း (မိတ္တူဖြစ်ပါက မိတ္တူမှန်ဖြစ်ကြောင်း ထောက်ခံချက်ပါရှိရပါမည်)

(ဃ) ကိုယ်စားလှယ်၏ မှတ်ပုံတင်မူရင်း

မှတ်ချက် ။ ။ တည်ဆဲဝင်ငွေခွန်ဥပဒေအရ အစုရှယ်ယာရှင်များရရှိမည့်အမြတ်ဝေစုအပေါ်တွင် ဝင်ငွေခွန် ထပ်မံပေးဆောင်ရန် မလိုကြောင်း အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ်
အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/9406၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညနာတိုင်းဒေသကြီးမြို့စီးရေးဗျူရုံး(ပဲခူး)

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက် အမှတ်(စ/စုဘုံ-၆၆၅)၊ ဦးပိုင်အမှတ်(၁၄၅)၊ ဧရိယာ(၀.၄၁၀၀၀၀)ဧကရှိ မြေကွက် အား ပြင်ဦးလွင်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှတ် အမှတ်(၀၆၆၉/၂၀၁၈-၂၀၁၉)အရ (၃၀. ၉. ၁၉၉၆)မှ (၂၉. ၂. ၂၀၉၆)ရက်အထိ ဒေါ်စန်းစန်းရီ အမည်ဖြင့် စက်မှုစီးပွား မြေငှားဂရန် ရရှိခဲ့ပါသည်။ အဆိုပါ ဂရန်မှာ သက်တမ်းကုန်ဆုံးသွားပြီဖြစ်သဖြင့် ဒေါ်စန်းစန်းရီမှ ၎င်းအမည်ဖြင့် မြေငှားဂရန် သက်တမ်းတိုးလျှောက်ထားလာရာ ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၄၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/8204, Honda C-100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီလာဦး ၁၃/တကန (နိုင်) ၈၀၁၁၄၄ ဤယာဉ်ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနာ၊ ရှမ်းပြည်နယ်ရုံး(တောင်ကြီး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၄၄၈၀, Yamaha DT 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးမွန် ၁၃/ကတန (နိုင်) ၀၉၀၂၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနာ၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ) ကျိုင်းတုံမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရွှေသောင်းယဉ်မြို့၊ အမှတ်(၁) ရပ်ကွက်၊ အကွက်အမှတ် (၁၉၉၄)၊ ခရိုင်ချောင်းကွင်း၊ ဦးပိုင်အမှတ် (၃၆/၇)၊ ဧရိယာ (၀.၂၅)ဧကရှိမြေအား ဦးရမ်မုန့် အမည်ဖြင့် မြေငှား ဂရန်အသစ်ချထားပေးပါရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက် အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်

ပျောက်ဆုံးခြင်း

ကုန်သည်စက်မှုအသင်းချုပ် ပိုင်ဆိုင်သောကားနံပါတ် 2C/9878 SUZUKI Carry DA21T,Pickup ၏ ဒီဇယ်နှင့် CNG- Gas စာအုပ် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည် လျှောက် ထား မည် ဖြစ် ပါသော ကြောင့် ကန့်ကွက်မည်သူရှိပါက ဆက်သွယ် အကြောင်းကြား ကန့်ကွက်နိုင်ပါသည်။

ဖုန်း- ၀၉-၄၅၀၂၀၀၂၄၊ ၀၉-၅၁၀၅၅၀၆

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ပုံစံ(၈)ဝင် သစ် ၊ သစ်စက်နှင့် ဆက်စပ်ပစ္စည်းများအား လေလံတင်ရောင်းချရန် လေလံကြော်ငြာ

၁။ ရှမ်းပြည်နယ်၊ တောင်ကြီး၊ခရိုင်၊ တောင်ကြီး/ ဟိုပုံး/ ပင်လောင်း/ ရွာငံမြို့နယ် သစ်တောဦးစီးဌာနတို့ရှိ ပုံစံ(၈)ဝင် ကျွန်း (ပြုတင်းပေါက်/ လေကာ/ လက်ရန်း တိုင်/ တံခါးရွက်ဆိုဒ်ဒဲနဲ့) ၁၁၆၂ ချပ် (၁၆.၂၃၄) တန်၊ အင်ကြင်းကျည်းဘောင် ၄၆၆ ခု (၁.၄၄၅) တန်၊ စုစုပေါင်း ၁၂၈၈ ခု/ ချပ် (၁၇.၆၈၈၂) တန်နှင့် အခြားသစ် (သစ်လုံး/ သစ်ခြမ်း/ သစ်စိတ်/ ခွဲသား) ပေါင်း ၅၆၆ လုံး/ ခြမ်း/ စိတ်/ ချောင်း (၅၂.၆၆၂၀)တန်၊ မီးသွေး(၄၄)ပေါင်း၀ ၃၀ အိတ် (၄.၈၀၀) တန်၊ ထင်းရှူးဆီတုံး (အစို/ အခြောက်) ၇၂၃၂ ပိဿာ၊ အင်လျှာထိုး ၄၄၈၀ ချောင်း (၁၀.၀၂၀၀) တန်၊ ခရမ်းချဉ်သီး သေတ္တာ ၄၀၀ လုံး (၈၀၀၀) ချောင်း (၁.၄၄၄၄) တန် သစ်အယ်ထင်း (၂.၁၁၂၀) တန်၊ အင်ဂျင်(၇)လုံးနှင့် ဆက်စပ်ပစ္စည်းများအား လက်ရှိမျက်မြင် အခြေအနေအတိုင်း ဈေးပြိုင်လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် သစ်တော ဦးစီးဌာနမှ ဝယ်ယူလိုသော လိုင်စင်ရရှိထားသည့် သစ်စက်သေး/စက်ကြီး/ အရောထည်စက်၊ လျှောပိုးစက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင်လုပ်ငန်းရှင် များ၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင် အသင်းဝင်များနှင့် မြန်မာနိုင်ငံဝပရိဘောဂ လုပ်ငန်းရှင်အသင်းဝင်များကိုသာ လေလံဆွဲဝယ်ယူခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာပါသည်။

လေလံအစီအစဉ်

နေ့ရက် - ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ လ ၉ ရက်

အချိန် - နံနက် (၁၀:၀၀) နာရီ

နေရာ - **ရတနာသခင်စန်း၊ ပြည်နယ်သစ်တောဦးစီးဌာနမှုးရုံး၊ ရှမ်းပြည်နယ် (တောင်ကြီး)**

၂။ လေလံဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်တစ်စုံလျှင် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ခရိုင်သစ်တောဦးစီးဌာနမှုးရုံး၊ တောင်ကြီး ခရိုင် တွင် ၂-၁၁-၂၀၂၆ ရက်မှ ၆-၁၁-၂၀၂၆ ရက်အတွင်း ဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၃။ အသေးစိတ်သိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး၊ တောင်ကြီးခရိုင်၊ သစ်တောဦးစီးဌာန ဖုန်း ၀၈၁- ၂၀၂၁၄၆၊ ၀၈၁-၂၀၂၂၂ စသည် ဆက်သွယ်စုံစမ်း နိုင်ပါသည်။

ဒွဏ္ဍန္ဓ

လေလံတင်ရောင်းချရေးကော်မတီ

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/5919 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညာန၊ခရိုင်ရုံး(ကျောက်ဆည်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုစွန်တောင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ လမ်း (၅၀) (အလယ်)၊ တိုက်အမှတ် (၈၀/၈၂)၊ အခန်းအမှတ်(၃တိယထပ်)(၃-လွှာ) (အလယ်ခန်း)တို့ကိစ္စခန်းအပေါ် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံ ကတိပြုသူ ဒေါ်စန်းရီ (၁၂/ပဓတ(နိုင်)၁၉၄၀၆၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးအောင်မြတ် (၁၂/အစန(နိုင်) ၁၂၇၆၈၄)၊ ဒေါ်မြဴနွယ်နွယ်ထွန်း (၁၂/အစန(နိုင်)၁၁၇၀၉၈) တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်း များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ဘတ်မှတ်ရက် ကျော်လွန်ပြီး နေ့ာက်ပိုင်းကန့်ကွက်သည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်စုစုခိုင် (LL.B) ဒေါ်ခင်စောသိန်း (LL.B) ဒေါ်သိခိုသန္ဓာလီ(LL.B, LL.M)

(စဉ်-၁၁၅၅၃) (စဉ်-၁၃၂၂၆) (စဉ်-၅၆၈၈၇)

တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ

တိုက်(၁၀/၁၂) ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း-၀၉-၄၄၃၀၂၆၃၉၉ ၀၉-၇၃၀၂၆၁၉၉

ကြော်ငြာစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃) ကျောက်ဆည်ခရိုင်တရားရုံးတော်

၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမူအမှတ် - ၃၉

ကွယ်လွန်သူ ဦးမောင်ကံ ၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ရွှေလုံမြို့ နာနိုအောက်ကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမောင်ကံ၏ ကျန်ရစ် သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဧနီးဖြစ်သူ ဒေါ်မြလွင်က အမွေဆက်ခံခြင်း အက်ဥပဒေအရလျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ လ (၁၃)ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၃ ရက်) တွင် ဆိုင်ဆိုင်ကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမောင်ကံ၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင် ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင် ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ လ (၁၂) ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်) ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက် ဆိုင် ဆိုရန်နှင့် အမွေထိန်းလက်မှတ်ဆုတ်ပေးခဲ့ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက် ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်မြလွင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေး ဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့် မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်တွင် ဤရုံးတော်တက်ဆိုဝဲရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပွင့်ဖြိုးလင်း)

ဒုတိယခရိုင်တရားသူကြီး(၂)

ကျောက်ဆည်ခရိုင်တရားရုံး

ပတ်စ်ပို့ပျောက်

ကျောကပန်းတောင်းမြို့၊ မြင်သာတောင်ကျေးရွာနေ (၁၅)ဦးစိုးဝင်း၏သား မောင်ဝေယံစိုး (ခ/ကပတ (နိုင်)၂၄၂၉၉၃)၏ နိုင်ငံကူးလက်မှတ် အမှတ် (MF-918395)သည် ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၉၉၉၄၅၇

ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ဖက်ကွန်အုပ်စု၊ ထီထဆို့ရွာ နေ (၁၅)ခွန်ဆင်မောင် ၏သား ခွန်ထွန်းဝေ (၁၃/တကန(နိုင်) ၃၂၄၉၉၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-485364)သည် ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၄၂၄၃၅၃၂၄

ပတ်စ်ပို့ပျောက်

ဟိုပုံးမြို့၊ နုန်းကျိုင်းအုပ်စု၊ နေ (၁၅) ဦးစိုင်းသိန်းမြင့် ၏သား စိုင်းလောင်လျန်း (၁၃/ဟပန(နိုင်) ၁၀၉၈၃၃)၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၅၅၅၅၅

ပတ်စ်ပို့ပျောက်

ဟိုပုံးမြို့၊ မြို့ဦးကွက်သစ် နေ (၁၅)ဦးထီး ၏သမီး နုနဲးဒဲ့(၁၃/ ဟပန(နိုင်)၁၀၈၆၆၇)၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၃၉၀၈၈၂

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၂)၊ မြေကွက်အမှတ် (၁၃ /)၊ နှစ်(၆၀)ဂရန် အမျိုးအစား ဦးပိုင်၊ ဒေါ်မြနွယ် အမည်ပေါက် အကျယ်အဝန်း (အလျား ပေ ၂၀ x အနံ ပေ ၆၀)မြေအနက်မှ (မြေရင်းခြမ်း) (အလျား ၁၀ပေ x အနံ ပေ ၆၀) အကျယ်ရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်မြင့်မြင့်သန်း (၁၂/ဥကမ(နိုင်)၀၁၄၄၇၉)ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော (၁)ဦးဝင်းအောင်ထွန်း (၁၂/ဥကမ(နိုင်) ၂၃၀၀၉၂) နှင့် ဒေါ်ဖြိုးဖြိုးနိုင် (၁၂/ထတဝ(နိုင်)၁၁၃၁၆၀) တို့မှ (၂၀-၂-၂၀၂၆) ရက်တွင် အပြီးအပိုင် ဝယ်ယူ ပိုင်ဆိုင်လက်ရောက် ရယူနေထိုင်ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဦးဟိန်းအောက်ထွန်းနှင့် ဒေါ်ဖြိုးဖြိုးနိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လွင်မာဦး(LL.B)

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၁၁)

အမှတ်(၁၄၂)၊ ပထမထပ်(A-2)၊ ပိတောက်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း-၀၉-၂၅၉၆၈၆၀၈၈

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ အကွက်အမှတ်(C1)မင်းတန်းရပ်၊ ဦးပိုင် အမှတ်(၂၇က)၊ဧရိယာ (၀ဒသမ ၀၄၆)ကေသည် မူလပိုင်ရှင် ဒေါ်မွားရင် ဖြစ်ပြီး ယခုအခါ မင်းလှမြို့၊ အမှတ်(၆)ရပ်ကွက်၊ ဧရုးချိုတန်းလမ်းနေ ဒေါ်သွန်းညွှန့်ကြည် ၇/မလန(နိုင်) ၀၆၃၂၄၅ မှ ဝယ်ယူနေထိုင်ပိုင် ဆိုင်ရပ်ကျိုးပါသဖြင့် မြေငှား ဂရန် အပေါ်ပြောင်းသက်တမ်း တိုးခြင်းအား လုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်၍ ကန့်ကွက်လိုသူ များရှိလျှင် ကြေညာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်ညွှန့်ညွှန့်ကြည်

(ဖုန်း-၀၉-၉၇၆၀၆၅၃၃၅)

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုန်းတိုမြို့ မြို့သစ်ရပ်ကွက်၊ အကွက် အမှတ်နှင့်အမည် (-/အောင်ချမ်းသာ မြို့သစ်)၊ ဦးပိုင်အမှတ် (မင်္ဂလာလမ်း ၁၂၊ ၁၄၃၃ ၃ လမ်း ၁၃)၊ ဧရိယာ(၀.၄၄၁) ဧကရှိ မြေနေရာသည် မြို့မြေအမှု တွဲအမှတ် ၁၃၇/၁၉၉၆အရ ဦးစီးနှုံးဖြင့် အမည်ဖြင့် မူလသက်တမ်း အတိုင်း (၃-၇-၁၉၉၆ရက်မှ ၂-၇-၂၀၂၆ ရက်အထိ) နှစ်(၃၀) ချုထား ပေးသောမြေဖြစ်ပြီး အဆိုပါမြေငှား စာချုပ်မှာ (၂-၇-၂၀၂၆) ရက်တွင် မြေငှားစာချုပ် သက်တမ်းကုန်ဆုံးပြီ ဖြစ်၍ ဦးစီးနှိမ်အမည်ဖြင့် မြေငှား စာချုပ်(သက်တမ်းတိုး) လျှောက် ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခု လျှောက်ထားခြင်း ကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြေငြာသည့် (၁၇-၁၀-၂၀၂၆)ရက်မှစ၍ (၁၅) ရက် အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူ အား အထက်ဖြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါ သည်။ ကော်လိတ္တော်အရာရှိ

မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ကွင်းအမှတ်(၃၅)/၁၊ ဝက်ကုန်းရပ်)၊ ဦးပိုင်အမှတ်(၁၂၃)၊ မြေဧရိယာ (၀.၁၂)ကေရှိမြေကွက်သည် မူလကခေါ်နန့်ဂျာအမည်ဖြင့် ၂၈-၂-၂၀၄၃ရက်အထိ မြေငှားဂရန်သက်တမ်း ရရှိခဲ့ပြီး၊ ဂရန်အမည်ပေါက်သူ ဦးသန်းလွင်ထံမှ ဒေါ်မြင့်ရွှိက (၁၆-၇-၂၀၂၆) ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ် (၂၀၅/၂၀၂၆)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါဒေါ်မြင့်ရွှိ ၁/မကတ(နိုင်)၀၁၅၁၆၆အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ နန္ဒဝန် ရုပ်ကွက်မှ ဒေါ်မွန်ယဉ်ထွန်း (၅/ဝသန (နိုင်)၀၃၉၉၆၆) ၏ လွှဲအပ်ညွှန်ကြား ချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မွန်ယဉ်ထွန်း သည် မုံရွာမြို့မှ အထက်ပိုင်းဒေသ များဖြစ်သော ဖော်ပန်၊ ပေကုန်း၊ နမ့်စိုးအောင်မြို့/ရွာများသို့ နာမည်ပျက်မရှိဘဲ ဂုဏ်သိက္ခာရှိစွာဖြင့် ဆီအရောင်းအဝယ်လုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက် နေသူ ဖြစ်ပါသည်။

ယခုအခါ Social Media တစ်ခုဖြစ်သော TikTok မှ ဒေါ်ဝင်းဆိုခိုင်၏ Profile ဓာတ်ပုံပါ U HTAY ZAW @ uhz152 အကောင့်ဖြင့် ဒေါ်မွန်ယဉ်ထွန်း အပေါ် ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန် တမင်ရည်ရွယ်၍ ဒေါ်မွန်ယဉ်ထွန်း၏ အကောင့်မှ ဓာတ်ပုံများကို ကူးယူအသုံးပြု၍ မဟုတ်မမှန်စာသားများဖြင့် ရေးသားကာ အသရေဖျက်စေခြင်း၊ နေ့ာင့်ယှက်ခြင်း၊ စိတ်ဖြိုင်ခြင်းစေခြင်း၊ မဟုတ်မမှန် စွပ်စွဲရေးသားခြင်းတို့ ပြုလုပ်သည့်အပြင်၊ စီးပွားရေးလုပ်ငန်းအပေါ် ထိခိုက်နစ်နာစေရန် အရေးအသားများဖြင့်ရေးသားခြင်းကြောင့်၊ မိသားစု၏ အပြစ် များကိုပါ ထည့်သွင်းရေးသားဖော်ပြ၍လည်းကောင်း၊ ပို့စ်တင်ခြင်းများ ပြုလုပ် လျက်ရှိသည်ကို ကျွန်ုပ်မိတ်ဆွေမှ ဖြင်တွေ့သိရှိရပါသည်။

ထို့ကြောင့် ဒေါ်မွန်ယဉ်ထွန်းနှင့်ပတ်သက်၍ ဒေါ်ဝင်းဆိုခိုင်၏ Profile ဓာတ်ပုံပါ U HTAY ZAW @uhz152 TikTok အကောင့်ဖြင့် ဆက်သွယ်ရေး ကွန်ရက်စာမျက်နှာ၌ မဟုတ်မမှန် ရေးသားဖြန့်ဝေခြင်းများကို ဤကြေညာပါရှိ သည့်ရက်မှ (၇)ရက်အတွင်း ပြန်လည်ဖျက်သိမ်းပေးပါရန်နှင့် ထိုကဲ့သို့ ပြုလုပ်မှုများကို မည်သည့် Social Media အကောင့်ဖြင့်မဆို ဆက်သွယ်ရေး ကွန်ရက်ကို အသုံးပြု၍ ထပ်မံမဖြည့်လုပ်ရန် အသိပေးတားဖြစ်လိုက်ပါသည်။ ထိုသို့ တားဖြစ်ထားပါလျက် မရိုးမဖြောင့်သောသဘောဖြင့် ဒေါ်ဝင်းဆိုခိုင်၏ Profile ဓာတ်ပုံပါ U HTAY ZAW @uhz152 TikTok အကောင့်မှလည်းကောင်း၊ တခြားအမည်များဖြင့်လည်းကောင်း ထပ်မံပြုလုပ်ပါက ဥပဒေနှင့်အညီ ဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဒေါ်မွန်ယဉ်နွယ်ထွန်း (၅/ဝသန(နိုင်)၀၃၉၉၆၆)၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လင်းမိမိဇော် (LL.B, Advocate)

တရားလွှတ်တော်ရှေ့နေ (စဉ် ၁၄၉၆၀)

ဖုန်း-၀၉-၂၅၀၆၅၂၀၁၊ ၀၉- ၉၇၃၄၅၉၉၉၃

ဖခင်အမည်မှန်

အောင်မြေသာစံမြို့နယ်၊ အထက(၃၇)Grade-4 မှ မောင်မျိုးမြတ်မင်း၏ ဖခင် အမည်မှန်မှာ ဦးမျိုးညွှန့်အောင် စ/ဆမန(နိုင်)၀၅၁၀၇၃ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3N/8688, Toyota Landcruiser S/W(4x4)L ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဆန်း ၁၃/မရန(နိုင်) ၀၂၈၇၉၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညာန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

